**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၅၄)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ သောကြာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

## ထားဝယ်မြို့နယ်အတွင်းမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ ၆ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်မြို့ မြို့တော်ခန်းမအဆောက်အဦသစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြို့တော်ခန်းမ အဆောက်အဦသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများလိုက်ပါ၍

**စာမျက်နှာ ၅ ကော်လံ ၁** ★




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်)

# အားကစားအောင်မြင်မှုသည် နိုင်ငံ၏အောင်မြင်မှု

အားကစားသည် နိုင်ငံတကာမျက်နှာစာတွင် အလွန်ပင်ထင်ပေါ်ကျော်ကြားလျက်ရှိသည်။ အားကစားကဏ္ဍသည် နိုင်ငံတိုင်းအလေးအနက်ထားကာ လုပ်ဆောင်နေရသည့် ကဏ္ဍတစ်ရပ်ဖြစ်လာသည်။ အားကစားအောင်မြင်မှုသည် နိုင်ငံ၏အောင်မြင်မှုဖြစ်သည်။ အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ကြသူများကို နိုင်ငံတော်ကအလေးထားကာ ချီးမြှင့်မြှောက်စားလျက်ရှိသည်။ အားကစားဟုဆိုရာ၌ ဘောလုံး၊ ဘော်လီဘော၊ အလေးမ၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ကာယဗလ၊ ကရာတေးဒို၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ဗိုဗီနမ်၊ ဝူရှူး စသည်ဖြင့် အမျိုးအစားပေါင်းမြောက်မြားစွာရှိကြသည်။

နိုင်ငံတကာပရိသတ်အကြိုက်ဆုံးအားကစားနည်းမှာ ဘောလုံးကစားနည်းဖြစ်သည်။ ဘောလုံးကစားခြင်းမှာ အားကစားနည်းအားလုံး၏ထိပ်ဆုံးတွင်ရှိသည်ဟုဆိုနိုင်သည်။ ဘောလုံးကိုချစ်မြတ်နိုးသူပရိသတ်သည် မိမိနိုင်ငံကိုယ်စားပြုဘောလုံးအသင်းအောင်နိုင်ရေးကို ကြီးမားသောမျှော်လင့်ချက်ဖြင့် အားပေးနေကြသည်။ မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသူမှန်သမျှသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ နိုင်ငံကိုယ်စားပြုဘောလုံးအသင်းအောင်မြင်မှုရရှိရေးကို မျှော်လင့်ကြသည်။ နိုင်ငံ့လက်ရွေးစင်အသင်းနှင့် အသက်အရွယ်အလိုက် ဘောလုံးအသင်းများကစားမည့်နေ့များတွင် ပရိသတ်အားပေးမှုများမှာ ကွင်းလုံးပြည့်လျှံလျက်ရှိသည်။ ထို့အတူ ရုပ်မြင်သံကြားလိုင်းများကလည်း တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိသည်။

ဘောလုံးအားကစားကဲ့သို့ပင် အခြားသောအားကစားနည်းများကိုလည်း အားပေးလျက်ရှိကြသည်။ အရှေ့တောင်အာရှအဆင့်မှအာရှအဆင့်သို့တက်လှမ်းနိုင်ရေးကို နိုင်ငံတော်အစိုးရနှင့်ပြည်သူတစ်ရပ်လုံးကအားပေးလျက်ရှိကြသည်။ အာရှမှသည်ကမ္ဘာ့အဆင့်သို့တက်လှမ်းနိုင်သည်အထိ အောင်မြင်မှုကိုမျှော်လင့်ကြသည်။ မြန်မာ့အားကစားကမ္ဘာကိုလွှမ်းရမည်ဟူသော ဆောင်ပုဒ်ဖြင့် အနုပညာရှင်များကလည်းရေးသားသီဆိုကြသည်။ ဤလောကတွင်မဖြစ်နိုင်သောအရာဟူ၍မရှိနိုင်ဟုဆိုထားပေရာ မြန်မာလူငယ်များအနေဖြင့် မိမိဘဝတက်လမ်းကိုမျှော်မှန်းသည့်စိတ်၊ နိုင်ငံကိုချစ်သည့်စိတ်ဓာတ်တို့ဖြင့် တစိုက်မတ်မတ်ကြိုးစားကြမည်ဆိုပါက ရည်မှန်းချက်ပန်းတိုင်သို့ မလွဲမသွေရောက်ရှိမည်သာဖြစ်သည်။

လူငယ်ဆိုသည်မှာ နိုင်ငံအတွက်အထူးအားထားရသူများဖြစ်ကြသည်။ တပ်မတော်သားလူငယ်များမှာလည်း နိုင်ငံအတွက်မရှိမဖြစ်တန်ဖိုးရှိသောနိုင်ငံ့သားကောင်းများဖြစ်သည်။ တပ်မတော်သားဆိုသည်မှာ လူငယ်များကပင်စတင်ကြရခြင်းဖြစ်သည်။ အဆိုပါလူငယ်များသည် ပညာအရည်အချင်း၊ အသက်အရွယ်အရ တာဝန်ထမ်းဆောင်မှုကြာမြင့်လာသည့်အခါ လူကြီးဘဝသို့ ရောက်ရှိသွားကြခြင်းဖြစ်သည်။ လူကြီးဖြစ်နေသူတိုင်းမှာ လူငယ်ဘဝကတက်လှမ်းကြသူများဖြစ်ကြသည်။ ထို့ကြောင့် တပ်မတော်သားလူငယ်များမှာ နိုင်ငံအတွက်မရှိမဖြစ်လိုအပ်သူများဖြစ်ကြသည်။

တပ်မတော်သားဆိုသည်မှာ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုဟုဆိုအပ်သောအခြေခံအရည်အချင်းငါးပါးနှင့်ပြည့်စုံကြသူများဖြစ်ကြသည်။ ထိုသို့ပြည့်စုံနေစေရန်အတွက် သက်ဆိုင်ရာလေ့ကျင့်ရေးကျောင်းများ၊ တက္ကသိုလ်များကစနစ်တကျလေ့ကျင့်ပြုပြင်ပေးထားပြီးဖြစ်သည်။ အဆိုပါအခြေခံအရည်အချင်းကောင်းရှိသူများအနေဖြင့် နိုင်ငံတော်၏အားကစားကဏ္ဍမြင့်မားရေးအတွက်လည်း ပါဝင်ဆောင်ရွက်နိုင်ကြရမည်ဖြစ်သည်။ အားကစားပိုင်းဆိုင်ရာတွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ ထူးချွန်ထက်မြက်သူများကိုတပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စေသည်။ တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲမှ ထူးချွန်စွာထွက်ပေါ်လာသူတို့သည် နိုင်ငံ့ကိုယ်စားပြုအားကစားသမားအဖြစ် ရွေးချယ်ခံကြရမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၀ ရက်ညနေပိုင်းတွင် နေပြည်တော် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ကျင်းပခဲ့သည်။ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌစစ်ရေးချုပ်က ဖွင့်ပွဲအခမ်းအနားတွင်အဖွင့်အမှာစကားပြောကြားခဲ့သည်။ အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အားကစားသည်ခွန်အား၊ ဉာဏ်အားဖြင့်ယှဉ်ပြိုင်ရသည့်အားကစားနည်းဖြစ်သည်။ ဆုံးဖြတ်ချက်မှန်ကန်ရသကဲ့သို့ နည်းစနစ်ပိုင်းမှာလည်းတိကျမှန်ကန်နေရမည်ဖြစ်သည်။ ဘောလုံးကစားနည်းဆိုသည်မှာ မြန်မာပရိသတ်အနှစ်ခြိုက်ဆုံးအားကစားနည်းဖြစ်၍ ယခုပြိုင်ပွဲမှတပ်မတော်ဂုဏ်ဆောင်အားကစားသမားများထွက်ပေါ်လာမည်ဖြစ်သည်။ တပ်မတော်ဂုဏ်ဆောင်မှသည် နိုင်ငံ့ဂုဏ်ဆောင်နိုင်သူများအဖြစ် ဆက်လက်ကြိုးပမ်းကြရမည်လည်းဖြစ်သည်။ ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲများမှာ အောက်တိုဘာလ ၂၄ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပေရာ တပ်မတော်မှထူးချွန်ထက်မြက်သော လူငယ်ဘောလုံးကစားသမားကောင်းများပေါ်ထွက်ကာ နိုင်ငံ့ဂုဏ်ဆောင်များအဖြစ်သို့တက်လှမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**
**ရက်**
**၁၀၀**
**သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၃/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့်မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

## ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အစားအစာများ သန့်ရှင်းစွာဆောင်ရွက်ထားရှိမှု အခြေအနေများစစ်ဆေး

**ပဲခူး စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက် (၇) ပင်စည်ဈေးအတွင်း၌ စက်တင်ဘာလ ၁၈ ရက် နံနက်ပိုင်းတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်အစားအစာများ သန့်ရှင်းစွာဆောင်ရွက်ထားရှိမှုအခြေအနေများကိုစစ်ဆေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းများဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာနီနီလှိုင်၊ ပဲခူးခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာကျော်နိုင်ဝင်းနှင့် ပဲခူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဝင်းဇော်ဌေး၊ပဲခူးမြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် ဈေးကြီးကြပ်မှုကော်မတီများပူးပေါင်းပြီး ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်(၇)ပင်စည်ဈေး၌ ရောင်းချနေသည့် စားသောက်ကုန်၊ လူသုံးကုန်များ ကျန်းမာရေးနှင့်ကိုက်ညီမှု ရှိ၊ မရှိစစ်ဆေးခြင်း၊ ဈေးအတွင်းသန့်ရှင်းရေးဆောင်ရွက်ထားရှိခြင်း ရှိ၊ မရှိ တို့အား ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်ကြကြောင်းသိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၉-၉-၂၀၂၅(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | For Youth | ၄။ | ၁၇:၀၀ | ထူးခြားထင်ရှား ကမ္ဘာတစ်လွှား |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း | ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကား ပြောကြရအောင် | ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် CPU အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းသည် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် (Good Governance) ၏ အစိတ်အပိုင်းတစ်ရပ်ပင်ဖြစ်ကြောင်း၊ အဂတိကင်းရှင်းသော နိုင်ငံ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်မှသာလျှင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ကို ဦးတည်ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက ဝန်ကြီးဌာနအနေဖြင့် မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ထပ်ဆင့်မျှဝေပေးရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းအတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များကို သုံးသပ်တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်း အမှတ်စဉ်(၁) အပိုင်း(၃) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံစာရင်းကောင်စီမှကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်တွင်ဖွင့်လှစ်သည့် နိုင်ငံတကာ ဘဏ္ဍာရေး အစီရင်ခံခြင်းစံများ ဒီပလိုမာ သင်တန်းအမှတ်စဉ် (၁) အပိုင်း (၃) (Diploma in International Financial Reporting Standards– Batch–1, Level – III) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက သင်တန်းတက်ရောက်ပြီးသူများအနေဖြင့် IFRS စာရင်းစံများနှင့်စပ်လျဉ်းသည့် ဘဏ္ဍာရေးရှင်းတမ်းများပြုစုရေးဆွဲရာတွင် လိုက်နာကျင့်သုံးခြင်းဖြင့် တာဝန်ယူမှု တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် ဘဏ္ဍာရေးအစီရင်ခံစာများကို ရေးဆွဲနိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ပိုမိုတိုးတက်လာနိုင်ခြင်း၊ ကောင်းမွန်သည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဖြစ်ပေါ်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်းပြောကြားပြီး သင်တန်းသားများကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သင်တန်းသား ၁၀ ဦး၊ ဝန်ကြီးဌာနများမှ သင်တန်းသား ၃၁ ဦး စုစုပေါင်းသင်တန်းသား ၄၁ ဦး တက်ရောက်ပြီးမြောက်ခဲ့ပြီး အပိုင်း(၃) အောင်မြင်ပြီးမြောက်သူများကို ဒီပလိုမာဘွဲ့ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ သင်တန်းကထိကနှင့်သင်တန်းသားများတက်ရောက်ကြပြီး မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့်ကောင်စီဝင်များ၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှတာဝန်ရှိသူများက Online ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**မြဝတီ**

၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့
“ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ် ဖော်ဆောင်စို့”
UN Tourism
WORLD TOURISM DAY 2025 | TOURISM AND SUSTAINABLE TRANSFORMATION
၂၇ - ၉ - ၂၀၂၅
နေပြည်တော်

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ(၂/၂၀၂၅) အစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၈**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ (၂/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ကော်မတီအဖွဲ့ဝင်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးသည် လုပ်ငန်းစီမံချက် စတုတ္ထသက်တမ်း၏ ပထမခြောက်လပတ် အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ အစီရင်ခံတင်ပြနိုင်ရေး ရေးသားထားရှိသည့် အစီရင်ခံစာအတည်ပြုနိုင်ရေးအတွက်ဆွေးနွေးခြင်းဖြစ်ကြောင်း။

အစီရင်ခံစာအတည်ပြုပြီးပါက ယင်းအစီရင်ခံစာအပေါ် ကောက်နုတ်ချက်ထုတ်နုတ်ပြီး လုပ်ငန်းစီမံချက်၏ ဖြစ်ပေါ်တိုးတက်မှုဆိုင်ရာ အချက်အလက်များ (အင်္ဂလိပ်) ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ခွင့်ပြုချက်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပဋိပက္ခအတွင်း လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးသို့ ပေးပို့သွားမည်ဖြစ်ကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၄ – ၂၀၂၅) အကောင်အထည်ဖော်ဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်ချက်အရ တွေ့ရှိရသည့် အားသာချက်ခြောက်ချက်နှင့် စိန်ခေါ်မှုနှစ်ချက်အပေါ်တွင်လည်း လိုအပ်သည်များ အကြံပြုပေးရန်ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက ပထမခြောက်လပတ်ကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များကိုတင်ပြခြင်းနှင့်ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကပြီးခဲ့သည့်အမျိုးသားအဆင့်ကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅)၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ဇွန်လ ၁၉ ရက်တွင် ကျင်းပခဲ့သည့် လုပ်ငန်းကော်မတီ (၁/၂၀၂၅) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ချက်များကိုတင်ပြဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက ပထမခြောက်လပတ် အစီရင်ခံစာ (မူကြမ်း) အပေါ် အကြံပြုဆွေးနွေးခြင်း၊ ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်းနှင့် စီမံချက်ကာလပဉ္စမသက်တမ်းတိုးရေးတို့ကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

**မြဝတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

## စာအုပ်သုံးမျိုး

အင်္ဂလိပ်လူမျိုးများအနက် စာပေဘက်၌လည်းကောင်း၊ အတွေးအခေါ်အရာ၌လည်းကောင်း၊ စကားလုံးတိုတိုနှင့် ထိအောင်ရေးတတ်ခြင်း၌လည်းကောင်း ကဝိတစ်ဆူအဖြစ်နှင့် တင်မြှောက်ခြင်းခံရသည့် ဖရန်ဆစ်ဘေကွန် (Francis Bacon) က စာအုပ်သုံးမျိုးသုံးစားရှိကြောင်း ရေးသားဖော်ပြခဲ့ဖူးရာ ၎င်း၏အဆုံးအဖြတ်မှာ နိုင်ငံမရွေး၊ ဘာသာမရွေး စာပေလောကတစ်ခုလုံးအတွက် မှန်ကန်သည်ဟု ဆိုနိုင်သည့်အပြင် ကျွန်ုပ်ကိုယ်တိုင်မှာလည်း သူ၏ဩဝါဒအတိုင်း လိုက်နာကျင့်သုံးခဲ့သည်ဖြစ်သောကြောင့် ဗဟုသုတအလို့ငှာ တင်ပြရပါဦးမည်။ ဘေကွန်က စာအုပ်သုံးမျိုးရှိသည့်အနက် တချို့စာအုပ်များမှာ မြည်းရုံမျှ မြည်းကြည့်ထိုက်သည်၊ တချို့စာအုပ်များမှာ မျိုချလိုက်ရသည်။ အနည်းငယ်မျှသော စာအုပ်မျိုးမူကား ညက်ညက်ပါအောင်ဝါးချပြီး အစာကြေအောင် ချေယူထိုက်သည်ဟု ရေးခဲ့ဖူးလေသည်။ ကျွန်ုပ်သည် စာတစ်အုပ်ကို ကိုင်လိုက်သည့်အခါ မည်သည့်အမျိုးအစားတွင် ပါဝင်သည်ဟု အကဲခတ်ပြီးသည့်နောက်တွင်မှ ဖတ်ရှုလေ့ရှိ၏။ တစ်ခါတစ်ရံ၌မူ မြည်းရုံမြည်းကြည့်စမ်းမည်ဆိုကာ ဖတ်ရှုရာမှ ညက်ညက်ဝါးချပြီး အစာကြေအောင် ချေရဖူးသည်များလည်း ကြုံရဖူးပါသည်။ စာဖတ်ပရိသတ်အနက် မြည်းရုံသာမြည်းရမည့် စာအုပ်မျိုးဖြင့်သာ အချိန်ကုန်ကြသည့် ရာခိုင်နှုန်းသည် အတော်များပုံရလေရာ တချို့မှာ ညက်ညက်ဝါးရသောအလုပ်မျိုးကို ပျင်းရိတတ်သည်နှင့် ဖတ်သောအုပ်ရေများသော်လည်း မည်မည်ရရပြောပလောက်အောင် အဖတ်မတင်သူများလည်း အမြောက်အမြားတွေ့ရဖူး၏။ ညက်ညက်ပါအောင်ဝါးဖို့လိုသည်ဆိုသောစာအုပ်မျိုးမှာ အဘိဓမ္မာဆန်သော စာအုပ်မျိုးကိုချည်း ဆိုလိုသည်မဟုတ်။ လူ့သဘာဝကို နက်နက်နဲနဲထိထိခိုက်ခိုက်ဖော်ပြ၍ စိတ်ကောင်းနှလုံးကောင်း ဝင်လာစေတတ်သော စာအုပ်မျိုးဟူ၍ ကျွန်ုပ်နားလည်သည်။ စိတ်ကောင်းနှလုံးကောင်းဝင်လာသည် ဆိုခြင်းမှာလည်း ဘုရားရှိခိုး ကျောင်းတက်ချင်သော စိတ်မျိုးဖြစ်ပေါ်လာခြင်းကို ဆိုလိုသည်မဟုတ်။ တစ်ဖက်သားကို ကြင်နာတတ်၍ မတရားခြင်းကို ရွံမုန်းတတ်သောစိတ်မျိုးဟူ၍ ကျွန်ုပ် ဘာသာပြန်လိုသည်။ ကျွန်ုပ်အဖို့မူ ဘေကွန်၏အဆုံးအဖြတ်ကို လက်ခံရာ၌ ညက်ညက်ပါအောင်ဝါးရသည့်စာအုပ်မျိုးကိုမှ ဖတ်ချင်သည်ဟုမဆိုလို၊ စာစုံအောင်ဖတ်ဖို့ကြိုးစားပြီး ညက်ညက်ဝါးရသော အလုပ်မျိုးကိုလည်း မတွန့်ဆုတ်၊ မြည်းတန်ကမြည်း၊ မျိုတန်ကမျိုရခြင်းများလည်း ပါရှိပါသည်။

## တိုတိုတုတ်တုတ်ရေးတတ်ပုံ

တစ်ဖန် ဘေကွန်၏ တိုတိုတုတ်တုတ်ရေးတတ်ပုံနှင့်ပတ်သက်၍ နမူနာတင်ပြလိုသေးသည်မှာ စာဖတ်ခြင်း၊ ဆွေးနွေးခြင်း၊ စာရေးခြင်းတည်းဟူသော အလုပ်သုံးခုအကြောင်းကို အကျဉ်းချုံးရေးထားပုံကား 'စာဖတ်ခြင်းဖြင့် ပြည့်သောလူတစ်ယောက်ဖြစ်လာနိုင်သည်၊ ဆွေးနွေးခြင်းဖြင့် တန်ဏှာပွတ္တိဉာဏ် (လျင်မြန်သောဉာဏ်) ကောင်းလာနိုင်သည်၊ စာရေးခြင်းဖြင့် တိကျသောလူတစ်ယောက်ဖြစ်လာနိုင်သည်' ဟု ဆိုလေသည်။ မြန်မာစကား၌ 'မပြည့်သောအိုး ဘောင်ဘင်ခတ်သည်' ဟု အဆိုရှိလေရာ စာမဖတ်သောလူများသည် ဘေကွန်၏စကားအတိုင်း ရေမပြည့်သောအိုးကဲ့သို့ ဘောင်ဘင်ခတ်သည်ဟု အဓိပ္ပာယ်ရှိ၍ သဘာဝကျသည်ဟုလည်း ကျွန်ုပ်ထင်မိသည်။ ယေဘုယျအားဖြင့် ပြောရသော် 'ဟောင်ဖွာဟောင်ဖွာ' ပြောတတ်သောလူများသည် စာမဖတ်သူများဖြစ်သည်ကို တွေ့ရ၏။ ဘာစာမှမဖတ်သော လူတစ်ယောက်သည် သေးငယ်သောအရေးအရာကို ရောမကိစ္စကြီးအနေဖြင့်မြင်တတ်၍ တအံ့တဩပြောခြင်းမျိုးကို ကြုံရဖူးသည်။ 'ဆွေးနွေးခြင်းသည် တန်ဏှာပွတ္တိဉာဏ်ကောင်းစေတတ်သည်' ဆိုခြင်း၏အဓိပ္ပာယ်မှာ သူ့အလှည့် ကိုယ့်အလှည့် အပြန်အလှန်ပြောကာ ဆွေးနွေးရခြင်းအားဖြင့် လူတစ်ယောက်သည် လျင်မြန်သောဉာဏ်မျိုး တိုးတက်လာစေဖို့ အလေ့အကျင့်ပြုလုပ်ရာ ရောက်၏။ ခေါင်းသိုင်း၊ လုံ့သိုင်းတတ်ထားသောသူသည် မကြာမကြာ သတ်ပုတ်ထိုးခုတ်ရပါမှ လျင်မြန်သွက်လက်၍ အချက်အလက်ကိုမြင်လာတတ်သည့်နည်းတူ အပြန်အလှန်ချေပပြောဆိုရသော အလုပ်သည်လည်း လူ၏ဉာဏ်ကို လျင်မြန်စွာညှစ်ထုတ်ရခြင်းတည်းဟူသောအလုပ်၌ ကျင်လည်မှုရှိလာနိုင်သည်ဟု ဆိုလိုပေသည်။ စာရေးခြင်းဖြင့် တိကျသောလူတစ်ယောက်ဖြစ်လာနိုင်သည်။ စဉ်းစားဆုံးဖြတ်လေ့ရှိသော လူတစ်ယောက်ပင်ဖြစ်စေကာမူ စာများများရေးရသောအခါတွင် စဉ်းစားခြင်းအလုပ်သည် မလွှဲမရှောင်သာသောအလုပ်တစ်ခုဖြစ်လာ၏။ မည်သည့်နည်းမဆို သူ၌ရှိသမျှသောဉာဏ်ကလေးဖြင့် စဉ်းစားလာရတော့သည်။ ဤသို့ဖြင့် ထိုသူသည် တိကျအောင်စဉ်းစားဖို့ ကြိုးစားရသည်နှင့်ပင် ယခင်ကထက် တိကျသောအတွေးအခေါ်များ ဖြစ်ပေါ်လာဖို့ လမ်းပွင့်လာ၏။ ဤသို့ဆိုခြင်းအားဖြင့် စာရေးသူတိုင်း တိကျသော အတွေးအခေါ်များရရှိလာသည်ဟု ဆိုလိုခြင်းကား မဟုတ်ပေ။ သူ၏ ဗဟုသုတနှင့် ပညာပါရမီကလည်း ရှိပေသေးသည်။ အဓိပ္ပာယ်မှာ လူတစ်ယောက်သည် စာမရေးဖူးသောအချိန်ကထက် စာခပ်များများ ရေးလာသောအချိန်တွင် မိမိဆိုလိုသောအကြောင်းအရာကို ပို၍ထင်ရှားအောင် တင်ပြနိုင်တတ်သည်ဟု ဆိုလိုခြင်းဖြစ်လေသည်။ သို့ရာတွင် အကြင်သူတင်ပြသောအယူအဆသည် မှားချင်လည်း မှားနိုင်ပါသေးသည်။

> "မြန်မာစကားမှာ စာရေးသောအခါ၌ဖြစ်စေ၊ စာဆန်ဆန်ပြောသောအခါများ၌ဖြစ်စေ အတွဲလိုက်လေးသုံးတတ်သော ထုံးစံရှိ၏။ ဥပမာ 'သွားရောက်' 'ဖမ်းဆီး' 'ပြောဆို' 'လုပ်ကိုင်' 'တုန်လှုပ်' 'ဖြည့်စွက်' စ၍ စကားလုံးများစွာတို့တွင် အတွဲလိုက်သုံးတတ်ခြင်းမှာ ထုံးစံတစ်ခုဖြစ်နေ၏။ အထူးသဖြင့် 'ကြိယာ' များတွင် တစ်လုံးတည်းမသုံးစကောင်းသလောက် ဖြစ်နေ၏ . . ."

## မြန်မာစကား အသုံးအနှုန်း

မြန်မာစကားမှာ စာရေးသောအခါ၌ဖြစ်စေ၊ စာဆန်ဆန်ပြောသောအခါများ၌ဖြစ်စေ အတွဲလိုက်လေးသုံးတတ်သော ထုံးစံရှိ၏။ ဥပမာ 'သွားရောက်' 'ဖမ်းဆီး' 'ပြောဆို' 'လုပ်ကိုင်' 'တုန်လှုပ်' 'ဖြည့်စွက်' စ၍ စကားလုံးများစွာတို့တွင် အတွဲလိုက်သုံးတတ်ခြင်းမှာ ထုံးစံတစ်ခုဖြစ်နေ၏။ အထူးသဖြင့် 'ကြိယာ' များတွင် တစ်လုံးတည်းမသုံးစကောင်းသလောက်ဖြစ်နေ၏။ အတွဲလိုက်သုံးခြင်းအားဖြင့် အဓိပ္ပာယ်လေးနက်ခြင်းများရှိတတ်သော်လည်း တချို့မှာမူ ဤအတွက်ကြောင့် ပို၍မလေးနက်သည့်အပြင် မမှန်ကန်သောအဓိပ္ပာယ်မျိုး ပေါ်ထွက်လာခြင်းကိုပင် တွေ့ရ၏။ ဥပမာဆိုသော် 'ဝန်ကြီးချုပ်ဦးနုသည် မည်သည့်နေ့တွင် ပါကစ္စတန်ပြည်သို့ သွားရောက်လိမ့်မည်' ဟူသောသတင်းကို ဖော်ပြလိုက်ရာ သွားမှမသွားရသေးမီ 'ရောက်' ဟူသော စကားသည် အပိုဖြစ်ရုံမက မှားပင်မှားသေး၏။ တစ်လောက ဦးနုအကြောင်းကို သတင်းစာများတွင် အထက်ပါအတိုင်း ဖော်ပြကြရာ သွားပင်မသွားဖြစ်သည်နှင့် ထိုသတင်း၏မှားခြင်းသည် ကွင်းကွင်းကြီးပေါ်ထွက်နေ၏။ သွားဖြစ်သည်ဖြစ်စေ၊ မသွားဖြစ်သည်ဖြစ်စေ သွားလိမ့်မည်ဟုဖော်ပြလျှင် လုံလောက်သင့်ပေပြီ။ 'ရောက်' ဟူသောစကားလုံးကို ထည့်ရန်ပင် မလိုချေ။ သို့ရာတွင် တစ်လုံးတည်းမရေးသည့်ထုံးစံကြောင့် မထည့်မဖြစ်သကဲ့သို့ သဘောထားလျက်ရှိကြလေသည်။ သတင်းစာများ၌ 'လူတစ်ယောက်ကို ဖမ်းဆီးသည်' ဟု ရေးတတ်ကြရာ စင်စစ်မှာ 'ဖမ်းသည်' ဟု ရေးလိုက်လျှင် အဓိပ္ပာယ်ပြည့်စုံရုံသာမက နားထဲတွင် သာ၍ပေါ်လွင်သော အသံထွက်ရှိသည်ထင်၏။ 'မောင်ဘသည် အလုပ်လုပ်ကိုင်လျက်ရှိသည်' ဟု ရေးမည့်အစား 'မောင်ဘ အလုပ်လုပ်နေသည်' ဟုရေးလိုက်လျှင် သာ၍နားရှင်းသည်ထင်၏။ ဤရေးနည်းမျိုးသည် သတင်းစာများအတွက် အထူးသင့်လျော်သည်ထင်၏။ ခေါင်းကြီးများအတွက် 'စာခံ့' ရေးလိုက ရေးနိုင်သည်။ 'သတင်းများ' အတွက်မှာ အတွဲလိုက်မသုံးဘဲ တစ်လုံးတည်းရွေး၍သုံးလျှင် စက္ကူအကုန်နည်းပြီး နားရှင်းသည် ထင်ပါသည်။ ကျွန်ုပ်၏အကြံပေးချက်ကို သဘောကျ၍ လိုက်သူများလည်းလိုက်ကြစေ၊ ယခု မလိုက်သေးလျှင်လည်း နောင်ကာလ၌ အထူးသဖြင့် သတင်းစာများတွင် လုံးပိုအတွဲများ ပြုတ်ကုန်ကြလိမ့်မည်ဟု မြင်ယောင်မိပါသည်။

## အဓိပ္ပာယ်နှစ်မျိုးရှိသော စကားများ

မြန်မာစကားတွင် စကားတစ်လုံးသည် တစ်နေရာ၌ ကောင်းသော အဓိပ္ပာယ်ရှိ၍ တခြားတစ်နေရာတွင် မကောင်းသောအနက် ရှိတတ်ခြင်းကို တွေ့ရတတ်ပေရာ 'ကြွယ်' ဟူသော စကားတစ်လုံးမှာ ထိုစကားမျိုးပင်ဖြစ်သည်။ မန္တလေးသားများသည် အောက်သားများထက် စကားလုံးကြွယ်သည်ဟု အထက်တွင်ရေးခဲ့ဖူးရာ ၎င်းမှာ ကောင်းသော အဓိပ္ပာယ်နှင့် သုံးခြင်းဖြစ်၏။ စကားလုံးပေါင်းများများတတ်သည်ဟု ဆိုလို၏။ အဆိုပါ 'ကြွယ်' ဟူသော စကားလုံးသည်ပင်လျှင် မကောင်းသောအဓိပ္ပာယ်နှင့် သုံးသည်များလည်းရှိ၏။ ဥပမာ

"တောင်ကြိုတောင်ကြားပေါက်သည့်ဝါး အဖျားခပ်သွယ်သွယ်"

"အိမ်ကြိုအိမ်ကြား မွေးတဲ့သား စကားခပ်ကြွယ်ကြွယ်"

ဤစကားပုံ၌ 'ကြွယ်' ဟူသောစကားလုံးသည် မကောင်းသော အနက်သဘောရှိ၏။ စကားကြွယ်ခြင်းဟူသည်မှာ လေခပ်ပေါပေါနှင့် ခပ်ကြွားကြွားပြောတတ်ခြင်းကို ဆိုလိုပါသည်။ **ဆက်လက်ဖော်ပြပါမည်။**

---

# အလုံမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စက်တင်ဘာလ ၁၇ ရက်က ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဦးအောင်စိုးက သဘာဝဘေးအန္တရာယ်နှင့် လူငယ်နှင့်စာပေခေါင်းစဉ်များဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိမွန်က လူငယ်နှင့်ခေါင်းဆောင်မှုအကြောင်းနှင့် ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို လည်းကောင်း ပြောကြားခဲ့ပြီး Book Club အဖွဲ့ဝင် တရားလွှတ်တော်ရှေ့နေ ဦးထင်ဇော်လတ်က လူငယ်နှင့်စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ကျန်းမာရေးအသိပညာပေး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။



ယောရော(ပြန်/ဆက်)




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပညာရည်ချွန်ဆု ချီးမြှင့်ရခြင်းနှင့် ပညာရေးကဏ္ဍကို အလေးပေး မြှင့်တင်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ၆ ဘာသာဂုဏ်ထူးရှင် မမြတ်ရတနာသင်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

ထားဝယ်မြို့၊ မြို့တော်ခန်းမအဆောက်အဦသစ်ဖွင့်ပွဲ ကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

**ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲကျင်းပ**

အစီအစဉ်အရ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ထားဝယ်မြို့၊ မြို့တော်ခန်းမအဆောက်အဦသစ်အား တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထားဝယ်မြို့၊ မြို့တော်ခန်းမအဆောက်အဦသစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့၊ မြို့တော်ခန်းမအဆောက်အဦသစ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် ထားဝယ်မြို့၊ မြို့တော်ခန်းမ အဆောက်အဦသစ်အတွင်း၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့တော်ခန်းမအဆောက်အဦသစ်ဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ထားဝယ်မြို့တော်ခန်းမအား နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ်တွင် ထားဝယ်မြို့သို့လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း ထားဝယ်မြို့၌ လိုအပ်လျက်ရှိသည့် မြို့တော်ခန်းမကိုတည်ဆောက်ရန် ခွင့်ပြုဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး စတုရန်းပေ ၄၀၃၆၄ ရှိကာ ၁ ထပ်ခွဲ RCC အဆောက်အဦ အမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

**ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပညာရည်ချွန်ဆုချီးမြှင့်ရခြင်းနှင့်ပညာရေးကဏ္ဍကို အလေးပေးမြှင့်တင်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားရာ၌ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်ဗဟုသုတ ပြည့်ဝကြရန်လိုကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့်လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးကြောင်း၊ ထိုသို့အဘက်ဘက်မှ ပြည့်စုံရန်အတွက် နိုင်ငံသားတိုင်းပညာတတ်ရန် အဓိကကျကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဆိုသည့်ဆောင်ပုဒ်ကို ချမှတ်ထားကြောင်း။

**စာမျက်နှာ ၆ သို့** ☆

❖ **နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်ဗဟုသုတပြည့်ဝကြရန်လို၊ မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာရာကိုစဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကိုခွဲခြားသိရှိပြီး နိုင်ငံနှင့်လူမျိုး ကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန်အရေးကြီး၊ နိုင်ငံတော်ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့” ဆိုသည့်ဆောင်ပုဒ်ကို ချမှတ်ထား . . .**

★ **စာမျက်နှာ ၅ မှအဆက်**

နိုင်ငံတော်အနေဖြင့် ပညာရေးကို မြှင့်တင်ပေးနေသကဲ့သို့ ထူးချွန်ထက်မြက်သည့်လူရည်ချွန်များ၊ တက္ကသိုလ်ဝင်တန်းတွင် ထူးထူးချွန်ချွန်အောင်မြင်ကြသူများကို နှစ်စဉ် ထိုက်ထိုက်တန်တန်ချီးမြှင့်ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ ယခုအခမ်းအနားတွင် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကို ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မမြတ်ရတနာသင်းကို ချီးမြှင့်ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ်မှစပြီး တနင်္သာရီတိုင်းဒေသကြီး၏ တက္ကသိုလ်ဝင်တန်းအောင်ချက်များကိုကြည့်ပါက ၂၀၂၂ ခုနှစ်တွင် ၄၅ ဒသမ ၉၅ ရာခိုင်နှုန်း၊ ၂၀၂၂-၂၃ ပညာသင်နှစ်တွင် ၆၈ ဒသမ ၀၃ ရာခိုင်နှုန်း၊ ၂၀၂၃-၂၄ ခုနှစ်တွင် ၄၈ ဒသမ ၃၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၅ ပညာသင်နှစ်တွင် ၅၀ ဒသမ ၅၈ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် အောင်မြင်မှုရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

ဂုဏ်ထူးရရှိမှုများအနေဖြင့် (၄)နှစ်တာကာလအတွင်း ၆ ဘာသာဂုဏ်ထူးရှင် (၂၃) ဦး၊ ၅ ဘာသာဂုဏ်ထူးရှင် (၆၂) ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် (၁၁၀)၊ ၃ ဘာသာဂုဏ်ထူးရှင် (၁၆၄)ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် (၄၂၀) ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် (၁၆၆၃)ဦး ရှိခဲ့ကြောင်း၊ ပြီးခဲ့သည့် (၄)နှစ်တာကာလအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ ဝိပ္ပံဘာသာတွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဆင့်(၁)တစ်ဦးရရှိခဲ့သည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ပညာရေးကဏ္ဍ ပိုမိုတိုးတက်လာခြင်းသည် မိဘဆရာများ၏စေတနာနှင့် ဝတ္တရားကျေပွန်စွာ ပူးပေါင်းဆောင်ရွက်မှုအပြင် ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့်ပင်ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ်မှ ယနေ့ ၂၀၂၅ ခုနှစ်အထိ (၄)နှစ်တာကာလအတွင်း တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသူများအနက် ဆေးတက္ကသိုလ် တက်ရောက်နေသူ (၁၈)ဦး၊ နည်းပညာတက္ကသိုလ်တက်ရောက်နေသူ (၁၅၂)ဦး၊ ထားဝယ်မြို့ Polytechnic University မှာ (၁၉၆) ဦး ပညာသင်ကြားလျက်ရှိသည်ဟု သိရကြောင်း၊ ထို့အပြင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်လုံးတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းလေးကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး အသက်မွေးဝမ်းကျောင်း အခြေခံပညာရပ်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိနေသည်ကို တွေ့ရကြောင်း။

စာတော်သည့် ထူးချွန်သည့်သူတစ်ယောက်သည် ငယ်စဉ်ကတည်းက မိဘဆရာသမားများ၏ ကြပ်မတ်သွန်သင်မှုနှင့် ငယ်စဉ်ကတည်းက ကြိုးစားမှုသာရခြင်းဖြစ်ကြောင်း၊ **"အစကောင်းမှ အနှောင်းသေချာမည်"**ဖြစ်ကြောင်း၊ မမြတ်ရတနာသင်းကဲ့သို့ပင် ထားဝယ်ဒေသမှ တိုင်းသိပြည်သိ ကမ္ဘာသိထူးချွန်သည့်ပုဂ္ဂိုလ်များ ပေါ်ထွက်ခဲ့ကြောင်း၊ ဝန်ကြီးချုပ် ဦးဘဆွေ၊ ဦးစိန်ဝင်း၊ ဗိုလ်မှူးကြီးဗထူး၊ မီးပုံးပျံဦးကျော်ရင်၊ သူရ မချစ်ပို၊ ပန်းချီ ဦးငွေကိုင်၊ နိုင်ငံတော်စာရင်းစစ်ချုပ် ဦးအုန်းတင်၊ မောင်ထားဝယ် ဦးဖေအေး၊ ကျွန်းဆွယ်အလေးမချန်ပီယံ ဦးဖေအေး စသည်ဖြင့် အခြားမိမိအနေဖြင့် မဖော်ပြနိုင်သည့် ပုဂ္ဂိုလ်များလည်း များစွာရှိကြဦးမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းအတွက် ဂုဏ်ယူဖွယ်ရာများပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသကဲ့သို့ မိဘများ၊ ဆရာ၊ ဆရာမများကလည်း မိမိတို့၏ သားသမီးများ၊ တပည့်များကို ပညာတတ်လူတော်လူကောင်းများဖြစ်အောင် သွန်သင်ဆုံးမ၊ လေ့ကျင့်သင်ကြားပေးကြရန်၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း မိဘဆရာများ၏ သွန်သင်ပြသမှုများကို နာယူမှတ်သားပြီး အသိပညာ၊ အတတ်ပညာပြည့်ဝသည့်၊ ဘက်ပေါင်းစုံတွင် ထူးချွန်ထက်မြက်သည့်၊ ဗလငါးတန်ပြည့်ဝသည့်နိုင်ငံအတွက် အားကိုးအားထားပြုနိုင်သည့် သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်အတွင်းမှ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ၆ ဘာသာဂုဏ်ထူးရှင် မမြတ်ရတနာသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ၆ ဘာသာဂုဏ်ထူးရှင် မမြတ်ရတနာသင်းနှင့် မိဘများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြန်မာနိုင်ငံသို့ နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန်အတွက် Bilateral Engagement Activities ဆိုင်ရာလှုပ်ရှားမှုများဆောင်ရွက်ရန်ရောက်ရှိနေသည့် ထိုင်းဘုရင့်လေတပ်မှ Air Chief Marshal Punpakdee Pattanakul ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့သွားရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၁၈

ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်၏ ဖိတ်ကြားချက်အရ မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန်အတွက် Bilateral Engagement Activities ဆိုင်ရာ လှုပ်ရှားမှုများဆောင်ရွက်ရန် မြန်မာနိုင်ငံသို့ရောက်ရှိနေသော ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင်ရန်ကုန်မြို့ရှိကမ္ဘာအေးဘုရားနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လည်ပတ်ကြည့်ရှုခဲ့ကြသည်။



ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် ဇနီးအား ကမ္ဘာအေးဘုရားဂေါပကအဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။



ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် ဇနီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နေ့လယ်ပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ထိုင်းနိုင်ငံသို့ ထိုင်းဘုရင့်လေတပ်မှ ATR-72 လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ တပ်မတော်(လေ) မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူတို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကျိုင်းတုံမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲပြုလုပ်



၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အခြေခံပညာကျောင်းသားအားကစားပွဲတော် အမျိုးသားဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် ကျိုင်းတုံမြို့နယ်ကိုယ်စားပြုအသင်းနှင့်တာချီလိတ်မြို့နယ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုတွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ ပြည်နယ်ပညာရေးမှူး(ရုံးခွဲ) ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးမှူးများ၊ ဆရာ/ဆရာမများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ကျောင်းသားမိဘများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့ပေါ်ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ကာယလေ့ကျင့်ခန်း အတွဲ(၃၊ ၄)နှင့် Fitness Exercises သရုပ်ပြမှု၊ အမျိုးသားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် ကျိုင်းတုံမြို့နယ် ကိုယ်စားပြုအသင်းနှင့် တာချီလိတ်မြို့နယ် ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွင် ပထမဆုံးအကြိမ်အဖြစ်ကျင်းပခြင်းဖြစ်ပြီး မြို့နယ်အသီးသီးရှိအခြေခံပညာကျောင်းများမှ ကိုယ်စားပြုအသင်း ၇ သင်းမှ အားကစားနည်း ၇ နည်းဖြင့် စက်တင်ဘာလ ၂၂ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် (၁၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုညီလာခံသို့ ဒုတိယဝန်ကြီး ဒေါ်နုမြဇ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




နေပြည်တော် စက်တင်ဘာ ၁၈

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သော (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယဉ်ကျေးမှုညီလာခံသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်နုမြဇ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။

ညီလာခံကို “Return to Culture, New Opportunities” ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီးကမ္ဘာ့နိုင်ငံအသီးသီးမှ ယဉ်ကျေးမှုဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အနုပညာရှင်များနှင့် ယဉ်ကျေးမှုလေ့လာအကဲဖြတ်သူများ တက်ရောက်ဆွေးနွေးကြသည်။

စက်တင်ဘာလ ၁၀ ရက်က ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့ရှိ Saint I SACC’s Cathedral နှင့် Kazansky Cathedral အမည်ရှိ ရှေးဟောင်းဘုရားရှိခိုးကျောင်းများ၏ ဗိသုကာလက်ရာများ၊ ရှေးဟောင်းအမွေအနှစ်လက်ရာများအား ရှေးမူမပျက် ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် ကမ္ဘာပေါ်ရှိအကြီးဆုံး ယဉ်ကျေးမှုပြတိုက်ကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သော စိန့်ပီတာစဘတ်မြို့ရှိ Hermitage Museum ၌ ခင်းကျင်းပြသထားသည့် ရုရှားအနုပညာဆိုင်ရာပစ္စည်းများ၊ နန်းတော် အသုံးအဆောင် ပစ္စည်းများ၊ ရှေးဟောင်းစစ်တက်ဆိုင်ရာ အသုံးအဆောင်များ၊ ဥရောပအနုပညာပစ္စည်းများ၊ Leonardo da Vinci, Rembrandt, Raphael စသည့် ကမ္ဘာကျော်ပန်းချီဆရာများ၏ ပန်းချီကားများ၊ အရှေ့တိုင်းယဉ်ကျေးမှု ရှေးဟောင်းပစ္စည်းများနှင့်အီဂျစ်ယဉ်ကျေးမှုရှေးဟောင်းပစ္စည်းများကို ကြည့်ရှုလေ့လာရာ ပြတိုက်တာဝန်ရှိသူများက ရှင်းလင်းပြသပြီး ဒုတိယဝန်ကြီးက ပြတိုက်ခင်းကျင်းမှု နည်းစနစ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

စက်တင်ဘာလ ၁၁ ရက်က ဒုတိယဝန်ကြီးသည် Marble Palace ရှိ Russian Museum ၌ ကျင်းပသည့် ယဉ်ကျေးမှုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏အစည်းအဝေးသို့ နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ပြီး ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍအသီးသီးကို ဆွေးနွေးတင်ပြခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နှစ်ပေါင်းထောင်ချီသမိုင်းကြောင်းရှိသည့် မြန်မာနိုင်ငံသည် ရှေးဟောင်းပျူခေတ်နှင့် ပုဂံခေတ်ယဉ်ကျေးမှုမှစတင်၍ မျက်မှောက်ခေတ် တိုင်းရင်းသားလူမျိုးများအားလုံး၏ သက်ဝင်လှုပ်ရှားရှင်သန်လျက်ရှိသည့် အမွေအနှစ်များအထိ ယဉ်ကျေးမှုအစဉ်အလာများ စုစည်းတည်ရှိရာ အရပ်ဒေသတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအနေနှင့် ယဉ်ကျေးမှုဖလှယ်ခြင်းဟူသည် အနုပညာနှင့် ဓလေ့ရိုးရာအစဉ်အလာများကို မျှဝေရုံသက်သက်သာမဟုတ်ဘဲ စိတ်နှလုံးသားအချင်းချင်း ဆွေးနွေးခြင်းဖြစ်သည်ဟု ယုံကြည်ကြောင်း၊ လူသားမျိုးနွယ်တစ်ရပ်လုံး၏ တန်ဖိုးရှိလှသည့် ယဉ်ကျေးမှုအမွေအနှစ်များကိုထိန်းသိမ်းစောင့်ရှောက်ခံရရန်၊ လေးစားဂုဏ်ယူမြတ်နိုးရန်၊ အနာဂတ်မျိုးဆက်သစ်များအား လက်ဆင့်ကမ်းနိုင်ရန်အတွက် မြန်မာနိုင်ငံအနေနှင့် အခြားသောနိုင်ငံများနည်းတူ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း၊ စုပေါင်းကြိုးပမ်းမှုများသည် ကမ္ဘာကြီးတစ်ခုလုံးအတွက် ယဉ်ကျေးမှုဆိုင်ရာစည်းလုံးမှု၊ အပြန်အလှန်လေးစားမှုနှင့် ငြိမ်းချမ်းရေးအတွက် လမ်းပြကြယ်ပင်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

စက်တင်ဘာလ ၁၂ ရက် နံနက်ပိုင်းက Hermitage General Staff Building ၌ ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Tatyana Golikova ဦးဆောင်ကျင်းပသည့် အစည်းအဝေး (Final Session)သို့ တက်ရောက်ရာ ရုရှားနိုင်ငံ ယဉ်ကျေးမှုဝန်ကြီး Mrs. Olga Liubimova က အဖွင့်အမှာစကားပြောကြားပြီး ရုရှားနိုင်ငံမှ ဂီတ၊ ရုပ်ရှင်နှင့် ဉာဏ်ရည်တုနည်းပညာ စသည့် ယဉ်ကျေးမှု ကဏ္ဍနယ်ပယ်အသီးသီးမှ ထင်ရှားကျော်ကြားသည့် ပညာရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် General Staff Building အတွင်း၌ ပြသထားသည့် အထိမ်းအမှတ်ဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုပြီး ညပိုင်းတွင် ပူရှကင်(Pushkin)မြို့ရှိ Catherine Palace ၌ကျင်းပသည့် Plenary Session၊ ရုရှားသမ္မတပူတင် မိန့်ခွန်းပြောကြားသည့် အခမ်းအနားနှင့် စက်တင်ဘာလ ၁၃ ရက်က Winter Palace ၌ ကျင်းပသည့် Hermitage Prize ဆုပေးပွဲအခမ်းအနားများသို့ နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ တက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။

မြဝတီ

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့် ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်တက်ရောက်

မကွေး စက်တင်ဘာ ၁၈

ဒေသအတွင်း ငါးသယံဇာတတိုးပွားလာစေရန်၊ ငါးရိက္ခာဖူလုံမှုရှိစေရန်နှင့် ဒေသရင်းငါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုမှ ကာကွယ်ရန် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့နန်းထိုက်သူဟိုတယ်အနီး ရောဝတီမြစ်ကမ်း၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ကြီးထွားမှုနှုန်းမြန်ဆန်သော ငါးမြစ်ချင်းနှင့်ထိုင်းငါးခုံးမသားပေါက်ကောင်ရေလေးသိန်းကိုရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ကြသည်။

မကွေးတိုင်းဒေသကြီးအတွင်း ရောဝတီမြစ်ကြောင်းတစ်လျှောက် မကွေး၊ ပခုက္ကူ၊ သရက်၊ တောင်တွင်းကြီးမြို့တို့၌ ငါးမျိုးစိုက်ထည့်သွားမည်ဖြစ်ပြီး မြစ်ချောင်းအင်းအိုင်များ၊ ဆည်၊ တမံများသို့လည်း ကောင်ရေ ဆယ်သိန်းစိုက်ထည့်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မောင်ခိုင်မင်း(ပြန်ဆက်)

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့ည ၇ နာရီ ၁၁ မိနစ် ၅၇ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက် ၃၂၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Andaman Islands, India Region) မြောက်လတ္တီတွဒ် ၁၂ ဒသမ ၁၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၅၀ ဒီဂရီ၊ အနက် ၂၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်
**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ်၊ အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များအား အောက်ပါအတိုင်း ကြေညာလိုက်သည်-

| သင်တန်း | | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|---|
| ပထမအသုတ် အဝေးသင် သိပ္ပံအထူးပြု ဘာသာရပ်များအားလုံး | - | ၁-၁၀-၂၀၂၅ မှ ၉-၁၀-၂၀၂၅ ထိ |
| ဒုတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | - | ၂၄-၁၀-၂၀၂၅ မှ ၃၀-၁၀-၂၀၂၅ ထိ |
| တတိယအသုတ်အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | - | ၁၃-၁၁-၂၀၂၅ မှ ၂၁-၁၁-၂၀၂၅ ထိ |

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## ပူတာအိုမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုနည်းသင်တန်းဖွင့်လှစ်

ပူတာအို စက်တင်ဘာ ၁၈

ယခုနှစ်ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် မဲရုံအသီးသီး၌ တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအား မဲပေးစက်စနစ်တကျကိုင်တွယ်အသုံးပြုနိုင်စေရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှကြီးမှူး၍ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၈ ရက်တွင် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပူတာအိုခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ခရိုင်ရွေးကောက်ပွဲအရာရှိ ဒေါ်ဘေလားခူရ်ဘူဆားရ်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းသင်တန်းတွင် မဲပေးစက်ထိန်းချုပ်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာများအား Power Point ဖြင့် ရှင်းလင်းပို့ချခြင်း၊ မဲပေးစက်နှင့်ပတ်သက်၍ လက်တွေ့တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်း၊ စမ်းသပ်မဲပေးခြင်း၊ စက် Error ဖြေရှင်းခြင်းနှင့်ပတ်သက်၍ စာတွေ့လက်တွေ့ရှင်းလင်းပို့ချခြင်း၊ မဲရုံများတွင် အသုံးပြုဖြည့်သွင်းရမည့်ပုံစံများအားရှင်းလင်းခြင်းများကို စက်တင်ဘာလ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သင်တန်းနည်းပြများက စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းသို့ ပူတာအိုမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ မဲရုံပေါင်း ၅၁ ရုံတွင် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံတာဝန်ထမ်းဆောင်ကြမည့် ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## သထုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြော



သထုံ စက်တင်ဘာ ၁၈

မွန်ပြည်နယ် သထုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး၊ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၁၈ ရက်တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(သထုံ)၌ ကျင်းပသည်။

ရှေးဦးစွာ သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌ စာရေးဆရာမ ရွှေထုံခင်သီတာလှိုင်က လူငယ်များ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်စေရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေးစသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောသည်။

အခမ်းအနားသို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(သထုံ)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များ၊ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဘုတ်ပြင်း စက်တင်ဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ကျေးရွာပေါင်း ၂၄ ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အေးချမ်းမြိုင်-၁ ကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို စက်တင်ဘာလ ၁၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းဦး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အေးချမ်းမြိုင်-၁ ကျေးရွာ၌ စီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် တခြားအသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် တခြားအသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၃၇ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၃၅ ဒသမ ၂ သန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

**အိပိုးပိုး**

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်း အုန်းသီးအနုအလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်း ဒေသထွက်အုန်းသီးအနုအလုံးရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အေးအေးမြင့်၏ပြောကြားချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်ဩဂုတ်လ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း အုန်းသီးအနုအလုံးရေ ၇၇၀၀၀၀ ကျော်အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်က ပြီးခဲ့တဲ့လထဲမှာ အုန်းသီးအနုတွေ ဝယ်လိုအားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ဩဂုတ်လထဲမှာ အုန်းသီးအနုအလုံးရေ ၇၇၀၀၀၀ ကျော်အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိစက်တင်ဘာလထဲမှာလည်း အုန်းသီးအနုတွေ ဝယ်လိုအားကောင်းနေပါတယ်။ ဒေသထွက်အုန်းသီးအနုတွေ ဝယ်လိုအားကောင်းလာတဲ့အတွက် စိုက်ပျိုးတဲ့သူတွေအနေနဲ့ အုန်းသီးတွေကို ရင့်တဲ့အထိ စောင့်စရာမလိုဘဲ ဝင်ငွေရရှိနေပါတယ်"ဟု ဒေါ်အေးအေးမြင့်ကပြောသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးအနုများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ၊ အုန်းခြံလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# အရေးပါသောရေအရည်အသွေးနှင့်ရေနေသတ္တဝါများ၏ အသက်ရှင်နေထိုင်မှု

မြတ်ခိုင်မာ(ငါးဦးစီး)

**ရေတွင်မှီခို၍ နေထိုင်ပေါက်ပွားကြသည့် သတ္တဝါများ အသက်ရှင်လုံခြုံမှုအတွက် ရေအရည်အသွေးကောင်းမွန်မှုသည် အဓိကကျသဖြင့် ရေအရည်အသွေးပြုပြင်ရာတွင် မှားယွင်းစွာဆောင်ရွက်မိပါက မွေးမြူထားသောငါးများ ကြီးထွားနှုန်းကျဆင်းခြင်း၊ ထုတ်လုပ်ရန်အချိန်မတိုင်မီ ရောဂါကျရောက်ခြင်းနှင့် သေဆုံးခြင်းတို့ကြောင့် စီးပွားရေးကျဆင်းမှုများအား လက်တွေ့ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ် . . .**

ရေသည် ကမ္ဘာပေါ်တွင် အဖိုးတန်ဆုံးအရင်းအမြစ်များထဲမှ တစ်ခုအပါအဝင်ဖြစ်ပြီး သက်ရှိများအတွက် မရှိမဖြစ်အရေးပါသည့် အရင်းအမြစ်တစ်ခုပင်ဖြစ်သည်။ ကမ္ဘာကြီး၏ ၇၅ ရာခိုင်နှုန်းအား ရေထု(ရေချိုနှင့်ရေငန်)နှင့်ဖွဲ့စည်းထားရှိပြီး ရေချိုပမာဏ ၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ရေငန်ပမာဏ ၉၇ ဒသမ ၅ ရာခိုင်နှုန်းပါဝင်သည်။ ရေချိုသည် လူသားများအတွက်သာမက စိုက်ပျိုးသီးနှံများအတွက် အရေးပါပြီး ရေကိုအမှီပြုကာနေထိုင်လျက်ရှိသော ရေနေသတ္တဝါများ၏ အလွန်အဖိုးတန်လှသည့် သဘာဝသယံဇာတအရင်းအမြစ်ပစ္စည်းတစ်ခုဖြစ်သည်။ ၎င်းအဖိုးတန်လှသည့် ရေချိုသယံဇာတများသည် ကုန်ခန်းတတ်သည့်သဘောရှိသည်။

သို့ပါ၍ ကုန်ခန်းသွားသည့်ရေချိုများ ပြန်လည်ဖြည့်တင်းရန် လိုအပ်လျက်ရှိသည်။ ရေချိုများအား ပြန်လည်ဖြည့်တင်းပေးနိုင်သည့်အရာမှာ အင်မတန်မှ ထုထည်ကြီးမားလှသည့် ရေငန်ဖြင့်ဖွဲ့စည်းထားသော ပင်လယ်သမုဒ္ဒရာကြီးပင်ဖြစ်သည်။ အကြောင်းမှာ ပင်လယ်ပြင်မှရေငွေ့ပြန်ပြီး မိုးအဖြစ် ရွာချခြင်းဖြင့် ရေချိုပမာဏများကို ပြန်လည်ရရှိမည်ဖြစ်သည်။

ကမ္ဘာမြေကြီးသည်ရေထုများဖြင့်ဖွဲ့စည်းထားသလို လူအပါအဝင် သက်ရှိသတ္တဝါ၊ အသီးအနှံ စသည်တို့တွင်လည်း ရေဓာတ်များဖြင့်ပါဝင်ဖွဲ့စည်းထားကြောင်း သုတေသီများ၏ ရလဒ်အရသိရှိခဲ့ရသည်။ ဥပမာအားဖြင့် ကျွဲတစ်ကောင်တွင် ရေပါဝင်မှု ၇၂ ရာခိုင်နှုန်း၊ ကြက်တွင် ၇၀ ရာခိုင်နှုန်း၊ ၄က်ပျောသီးတွင်ရေဓာတ် ၇၆ ရာခိုင်နှုန်းပါဝင်ပြီး လူသားများ၏ခန္ဓာကိုယ်အလေးချိန် ၆၅ ရာခိုင်နှုန်း မှ ၇၅ ရာခိုင်နှုန်းသည် ရေဓာတ်များနှင့်ဖွဲ့စည်းလျက်ရှိပြီး ငါးများတွင် ရေဓာတ် ၆၇ ရာခိုင်နှုန်းခန့်ပါဝင်ကြောင်း သုတေသနမှတ်တမ်းများ အရသိရှိရသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါရေဓာတ်က အစာခြေစနစ် ကောင်းမွန်စွာလည်ပတ်နိုင်ရန်နှင့် ခန္ဓာကိုယ်ထဲတွင်ရှိသည့်ဆဲလ်များ ရှင်သန်ရန် လုပ်ဆောင်ပေးနိုင်ခြင်းကြောင့်ပင်ဖြစ်သည်။

ထိုကဲ့သို့အဖိုးတန်လှသော ရေအကြောင်းအရာနှင့် ပတ်သက်၍ ယခုဆောင်းပါးအား အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် တင်ပြသွားမည်ဖြစ်သည် –

- ရေချို၏အရေးပါမှုအပေါ် သိရှိနားလည်ပြီး ရေချိုအရင်းအမြစ်များ စဉ်ဆက်မပြတ် စီမံခန့်ခွဲမှုအတွက် လှုံ့ဆော်ရန်။
- အရေးပါသော ရေအရည်အသွေးအား စစ်ဆေးခြင်းဖြင့် ရေနေသတ္တဝါများ၏အသက်ရှင်နေထိုင်မှုအား မြှင့်တင်ဆောင်ရွက်ရန်ဟူ၍ ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးဌာနခွဲအောက်တွင် ရေအရည်အသွေးစစ်ဆေးရေးနှင့် ရေချိုသုတေသနဌာနစုသည် အရေးပါသည့်ဌာနစုတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ဌာနစုသည် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မြခွာညို လမ်းဆုံ စက်မှုလက်မှုရပ်ကွက်တွင်တည်ရှိပြီး မြေဧရိယာ ၅ ဒသမ ၈ ဧက ကျယ်ဝန်းသည်။ နောက်ခံသမိုင်းအနေဖြင့် ၁၉၇၈ – ၁၉၇၉ ခုနှစ်တွင် ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်းမှ ဓာတုဗေဒဓာတ်ခွဲခန်းအား စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၁၉၈၁ – ၁၉၈၂ ခုနှစ်တွင် ရေနမူနာဓာတ်ခွဲခြင်းနှင့် အစာနမူနာဓာတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ စတင်တာဝန်ယူဆောင်ရွက်ကာ ရေအရည်အသွေး စစ်ဆေးရေးနှင့် ရေချိုသုတေသနဌာနစုအဖြစ် ယနေ့ထက်တိုင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိကာလတွင် ငါးလုပ်ငန်းဦးစီးဌာန ရေအရည်အသွေးနှင့်ရေချိုသုတေသနဌာနစုသည် ကန်ရေ၏ရူပ၊ ဓာတုဆိုင်ရာဓာတ်ခွဲခြင်းနှင့်လိုအပ်သည်များကို ပြုပြင်ထိန်းသိမ်းခြင်းဖြင့် မွေးမြူရေး ကန်ရေ၏ အရည်အသွေး ပိုမိုကောင်းမွန်လာစေရန်၊ မြေသား၏ ရူပ၊ ဓာတုဆိုင်ရာအချက်အလက်များကို တိုင်းတာဓာတ်ခွဲပေးလျက်ရှိသည်။ ထို့ပြင် ငါး၊ ပုစွန်မွေးမြူကန်တူးဖော်ရန် သင့်လျော်သော မြေနေရာရွေးချယ်နိုင်စေရန်၊ ပြင်ပအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် အခြားဌာနဆိုင်ရာများ၊ တက္ကသိုလ်များမှ လိုအပ်သည့်ရေ၊ မြေအရည်အသွေး ဓာတ်ခွဲတိုင်းတာပေးပါသည်။ နည်းပညာပြန့်ပွားရန်နှင့် လိုအပ်သည့် လမ်းညွှန်မှုများပေးရန် ရေချိုသုတေသနဌာနစု (သာကေတ)မှ ငါးမွေးမြူရေးကန်ရေ၊ မြစ်ရေ၊ စက်ရုံစွန့်ပစ်ရေ၊ သုတေသနပြုလုပ်သည့်စာတမ်းအတွက် ရေနမူနာများအား FAO/ WHO standard/ USEP A value တို့ဖြင့် နှိုင်းယှဉ်တိုင်းတာစစ်ဆေးခြင်းအားဆောင်ရွက်ပေးလျက်ရှိသည်။ အဓိကအားဖြင့် – Physio–chemical Parameter ၂၀ မျိုး၊ Pollutant & Toxicant ငါးမျိုး၊ Soil pH တစ်မျိုး၊ Heavy Metal လေးမျိုး စမ်းသပ်စစ်ဆေးပေးလျက်ရှိသည်။

ရေသည် အချိန်နှင့်တစ်ပြေးညီ အမြဲပြောင်းလဲနေသည့် သဘောသဘာဝရှိပြီး ငါးမွေးကန်ရေတွင် အဓိကပတ်ဝန်းကျင်ဆိုင်ရာအချက် သုံးချက်ဖြစ်သည့် Physical factor၊ Chemical factor နှင့် Biological factor များမှ ရူပ/ဓာတုဆိုင်ရာအချက်အလက်များမှ တစ်ခုနှင့်တစ်ခု အပြန်အလှန်ဓာတ်ပြုလျက်ရှိသည်။ ဇီဝဆိုင်ရာဖြစ်စဉ်များအပေါ်မှုတည်ပြီး ပြောင်းလဲမှုများရှိနေသဖြင့် မွေးမြူထားသည့်ရေသတ္တဝါများအသက်ရှင်နေထိုင်နိုင်သည့်ရေဖြစ်စေရေး စမ်းသပ်စစ်ဆေးပေးခြင်းသည် မွေးမြူရေးအောင်မြင်စေရန်အတွက် အဓိကကျသည့် အခန်းကဏ္ဍပင်ဖြစ်ပေသည်။

ရေတွင်မှီခို၍ နေထိုင်ပေါက်ပွားကြသည့် သတ္တဝါများ အသက်ရှင်လုံခြုံမှုအတွက် ရေအရည်အသွေး ကောင်းမွန်မှုသည် အဓိကကျသဖြင့် ရေအရည်အသွေး ပြုပြင်ရာတွင် မှားယွင်းစွာ ဆောင်ရွက်မိပါက မွေးမြူထားသောငါးများ ကြီးထွားနှုန်းကျဆင်းခြင်း၊ ထုတ်လုပ်ရန် အချိန်မတိုင်မီ ရောဂါကျရောက်ခြင်းနှင့် သေဆုံးခြင်းတို့ကြောင့် စီးပွားရေးကျဆင်းမှုများအား လက်တွေ့ရင်ဆိုင် ကြုံတွေ့ရမည်ဖြစ်သည်။

သို့ပါ၍ ငါးမွေးကန်ရေအရည်အသွေးဆိုင်ရာ နည်းပညာများသည် ငါးမွေးမြူရေးလုပ်ငန်းတွင် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်သည်။ ငါးများ ကျန်းမာစွာကြီးထွားနိုင်ရန်အတွက် ရေအရည်အသွေး ကောင်းမွန်ရန် အထူးလိုအပ်လှပါသဖြင့် အောက်ဖော်ပြပါနည်းပညာဆိုင်ရာများအား သိရှိထားရန် လိုအပ်ပေသည်။

**၁။ ပျော်ဝင်အောက်ဆီဂျင် (Dissolved Oxygen)**

အောက်ဆီဂျင်သည်သက်ရှိသတ္တဝါမှန်သမျှအတွက် မရှိမဖြစ် အရေးပါပြီး ငါးနှင့်ရေသတ္တဝါများသည် ရေထဲတွင်ပျော်ဝင်နေသော အောက်ဆီဂျင်ဖြင့် အသက်ရှူကြသည်။ အောက်ဆီဂျင်ပမာဏ (5mg/L) ထက်နည်းနေပါက ငါးသေဆုံးမှုများဖြစ်စေနိုင်သည်။

**၂။ ရေချဉ်ဖန်နှုန်း (pH)**

ရေ၏ pH ပမာဏသည် ငါးများ၏ ဇီဝကမ္မဖြစ်စဉ်ကို သက်ရောက်မှုရှိသည်။ pH ပမာဏမျှတမှုမရှိပါက ငါးများ၏ကြီးထွားမှုနှုန်းနှေးကွေးပြီး ရောဂါများဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်သည်။ ငါးမွေးကန်ရေအတွက်အကောင်းဆုံး pH ပမာဏသည် 6.5 မှ 8.5 ကြားဖြစ်ပြီး (4.0 အောက်နှင့် 11.0 အထက်) ရှိပါက ငါးများအတွက်အန္တရာယ်ရှိကာ သေဆုံးသည်အထိဖြစ်နိုင်သည်။

**၃။ ဓာတုပစ္စည်းများ**

ရေထဲတွင်ဓာတုပစ္စည်းများ (ဥပမာ –အမိုးနီးယား၊ နိုက်ထရိတ်နှင့် နိုက်ထရိုက်)ပါဝင်မှု မြင့်မားပါက ငါးများ၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ အမိုးနီးယားသည် ငါးများအတွက် အဆိပ်ဖြစ်စေနိုင်ပြီး အမိုးနီးယားပမာဏ (0.02 mg/L) ထက် မကျော်လွန်သင့်ပါ။ နိုက်ထရိတ်နှင့် နိုက်ထရိုက်များလွန်းပါက ငါးများအတွက်အန္တရာယ်ရှိပြီး ပမာဏ(0.1 mg/L) ထက်မကျော်လွန်သင့်ပေ။

**၄။ ရေအပူချိန်**

ငါးနှင့် ရေသတ္တဝါများသည် ၎င်းတို့၏ ပတ်ဝန်းကျင်နှင့် ကိုက်ညီသောအပူချိန်တွင် အကောင်းဆုံးကြီးထွားကြသည်။ အပူချိန် မြင့်မားလွန်းပါက ရေထဲတွင် အောက်ဆီဂျင်ပမာဏ လျော့နည်းသွားနိုင်ပြီး ငါးများ သေဆုံးသွားနိုင်သည်။ ငါးအမျိုးအစားပေါ်မူတည်၍ ရေအပူချိန်ကွဲပြားနိုင်သည်။ များသောအားဖြင့် ၂၄ ဒီဂရီစင်တီဂရိတ်မှ ၃၀ ဒီဂရီစင်တီဂရိတ် ကြားရှိသင့်သည်။

**၅။ ရေကြည်လင်ပြတ်သားမှု**

ရေကြည်လင်ပြတ်သားမှုသည်လည်း အရေးပါမှုတစ်ခုဖြစ်ပြီး ရေနှင့်မြေဆွေးများ၊ အညစ်အကြေးများ များပြားပါက ငါးများအတွက်အန္တရာယ်ရှိစေနိုင်ပေသည်။

**၆။ ရေလဲလှယ်ခြင်း**

ကန်ရေအားပုံမှန်လဲလှယ်ပေးရန်လိုအပ်သည်။ ရေလဲလှယ်ခြင်းဖြင့် ရေထဲရှိအဆိပ်အတောက်များကို လျှော့ချနိုင်ပေသည်။

**၇။ ရေထဲရှိအာဟာရဓာတ်များ**

ရေထဲတွင်အာဟာရဓာတ်များလွန်ကဲပါက ရေညှိများပေါက်ပွားနိုင်ပြီး အောက်ဆီဂျင်လျော့နည်းနိုင်စေသည်။

**၈။ ရေစီးနှုန်း**

ငါးမွေးကန်တွင် ရေစီးနှုန်းမှန်ကန်ရန် လိုအပ်လျက်ရှိပြီး ရေစီးနှုန်းများပါက ငါးများ (Stress) ပင်ပန်းနိုင်စေပြီး ရေစီးနှုန်းနည်းပါက အောက်ဆီဂျင်နည်းစေနိုင်သည်။

ထို့ပြင် ငါးသေဆုံးမှုနှင့် ငါးရောဂါကျရောက်ခြင်းတို့သည် ငါးမွေးကန်ရေ၏ ရေအရည်အသွေးပေါ်တွင် မူတည်နေသဖြင့် ရေအရည်အသွေးထိန်းချုပ်ရန် လိုအပ်သည်။ ပြည်ပသို့ ငါးရှဉ့်၊ ကဏန်း၊ ကျောက်ပုစွန်၊ ကင်းပုစွန် အရှင်တင်ပို့ရာတွင်လည်း အဆိုပါ ရေသတ္တဝါများ၏ အသက်ရှင်နေထိုင်မှုအတွက် ခွင့်ပြုနိုင်သည့်ရေအရည်အသွေးအား တိုင်းတာစစ်ဆေးမှုပြုလုပ်ရန် လိုအပ်လျက်သည်။ အထူးသဖြင့် The General Administration of Customs of the People’s Republic of China–GACC အသိအမှတ်ပြုလက်မှတ်ရရှိသည့် စက်ရုံများအနေဖြင့် အသုံးပြုသည့်ရေအရည်အသွေးကောင်းမွန်ခြင်းကြောင့် ဈေးကွက်တင်ပို့မှုအခွင့်အလမ်းများ ရရှိစေနိုင်မည်ဖြစ်ခြင်းတို့ကြောင့်ရေနေသတ္တဝါမွေးမြူရေးဆိုင်ရာကန်ရေအရည်အသွေးထိန်းသိမ်းခြင်းကိုကောင်းစွာအသုံးချတတ်မည်ဆိုပါက မွေးမြူထားသောငါးများ၏ ရှင်သန်နှုန်း၊ ကြီးထွားနှုန်း ကောင်းမွန်ခြင်းနှင့် ရောဂါကျရောက်ခြင်းကိုခံနိုင်ရည်ရှိခြင်း၊ ထုတ်လုပ်မှုတိုးတက်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများရေရှည်တည်တံ့ပြီးအောင်မြင်စေရန်အတွက် ရေအရင်းအမြစ်နှင့် ရေအရည်အသွေးကောင်းမွန်မှုကိုထိန်းသိမ်းရန်လိုအပ်သည်–

- **ရေအရင်းအမြစ်ကိုထိန်းသိမ်းခြင်း–** ရေအရင်းအမြစ်များကိုညစ်ညမ်းမှုမှ ကာကွယ်ရန်၊ ရေသွင်း၊ ရေထုတ်စနစ်များကောင်းမွန်စေရန်၊ ရေအသုံးပြုမှုကို ထိရောက်စွာစီမံခန့်ခွဲရန် လိုအပ်သည်။
- **ရေအရည်အသွေးကိုစောင့်ကြည့်ခြင်း–** ရေအရည်အသွေးကို ပုံမှန်စောင့်ကြည့်ပြီး အောက်ဆီဂျင်ပမာဏ၊ pH ပမာဏ၊ အပူချိန်၊ ဓာတုပစ္စည်းများ စသည့်အချက်များကို စစ်ဆေးရန်လိုအပ်သည်။
- **ညစ်ညမ်းမှုကိုကာကွယ်ခြင်း–** စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် အိမ်သုံးစွန့်ပစ်ပစ္စည်းများမှ ရေညစ်ညမ်းမှုကိုကာကွယ်ရန် လိုအပ်သည်။

ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Good Aquaculture Practices– GAqP) အား လိုက်နာအကောင်အထည်ဖော်ဆောင်လျက်ရှိသော ငါး၊ ပုစွန်မွေးကန်များ၊ ငါးမွေးမြူရေး ကန်ရေ၊ အရှင်တင်ပို့ရာတွင် အသုံးပြုသည့် ရေ၊ အဝီစိတွင်းရေ၊ စွန့်ပစ်ရေများအား သုံးလလျှင်တစ်ကြိမ် စစ်ဆေးသင့်ကြောင်းအကြံပြုရင်း ရေအရည်အသွေး စစ်ဆေးရေးဌာနစုအနေဖြင့် ရေနေသတ္တဝါများ၏ အသက်ရှင်နေထိုင်မှုအတွက် ခွင့်ပြုနိုင်သည့် ရေအရည်အသွေးကိုသာ စစ်ဆေးပေးလျက်ရှိကာ လက်ခံရရှိသည့် ရေနမူနာ၏ စမ်းသပ်မှုမှရရှိသည့်ရလဒ်အား ထုတ်ပြန်ပေးလျက်ရှိကြောင်း သတင်းပါးလိုသည်။

စာမျက်နှာ ၁၀ သို့ ➢

➢ စာမျက်နှာ ၉ မှအဆက်

အနှစ်ချုပ်ဆိုရသော် ပြည်သူ့ကျန်းမာရေးနှင့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာနှင့် စွမ်းအင်စနစ်များ၊ စီးပွားရေး၊ ကုန်ထုတ်စွမ်းအားနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခိုင်မာမှုအားလုံးတို့သည် ကောင်းမွန်စွာလည်ပတ်ပြီး မျှမျှတတစီမံခန့်ခွဲနိုင်စေရန် ရေစက်ဝန်းပေါ်တွင် မှီခိုလျက်ရှိသည်။ ရေမရှိလျှင် သက်ရှိအားလုံးတို့၏ အသက်ကိုပင် စိတ်ကူးမယဉ်နိုင်ဟု တင်စားလောက်အောင်အရေးပါသဖြင့် ၁၉၉၃ ခုနှစ်မှစတင်၍ နှစ်စဉ်မတ်လ ၂၂ ရက်အား ကမ္ဘာ့ရေနေ့ (World Water Day)အထိမ်းအမှတ်အဖြစ် နိုင်ငံအသီးသီးတွင် ကျင်းပကာ ကမ္ဘာ့ရေချိုဆိုင်ရာ အရေးပါမှုကိုအလေးထားသည့် ကုလသမဂ္ဂအထိမ်းအမှတ်နေ့အဖြစ် ယနေ့အထိဆောင်ရွက်လျက်ရှိသည်။

ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများအတွက် ရေအရင်းအမြစ်နှင့် ရေအရည်အသွေးကောင်းမွန်မှုသည် အလွန်အရေးပါသော အခန်းကဏ္ဍမှပါဝင်ပြီး ရေအရင်းအမြစ်နှင့် ရေအရည်အသွေးကောင်းမွန်မှုကို ထိန်းသိမ်းခြင်းဖြင့် ငါးနှင့်ရေသတ္တဝါများ၏ ကျန်းမာရေးနှင့် ကြီးထွားမှုကို မြှင့်တင်ပေးနိုင်ပြီး ငါးလုပ်ငန်း၏ရေရှည်တည်တံ့မှုကို သေချာစေနိုင်သည်။

အရေးပါသည့် ရေသယံဇာတအား လူသားတိုင်းထိန်းသိမ်းစောင့်ရှောက်မှသာ ရေထဲတွင် အသက်ရှင်နေထိုင်လျက်ရှိသည့်ငါးသယံဇာတ ပေါကြွယ်ဝမည်ဖြစ်ပြီး နောင်အနာဂတ်မျိုးဆက်သစ်များအတွက် ပြည်တွင်းငါးစားသုံးမှုဖူလုံစေရုံသာမက ပြည်ပဝင်ငွေတိုးပွားစေနိုင်မည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့အားလုံးစည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းရေးအတွက် ရေကိုအသုံးပြုကာ ပိုမိုတည်ငြိမ်ပြီး သာယာဝပြောသော မနက်ဖြန်၏ အုတ်မြစ်များကိုချပေးရေး အကြံပြုတင်ပြအပ်ပါသည်။ ။

# တိုင်းဒေသကြီးနှင့်ပြည်နယ် တင်းနစ်အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ခုနစ်ဆုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိခဲ့သော အားကစားသမားများ ဂုဏ်ပြုကြိုဆို



ပဲခူး စက်တင်ဘာ ၁၈

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် တင်းနစ်အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ခုနစ်ဆုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိခဲ့သော ပဲခူးတိုင်းဒေသကြီး တင်းနစ်အားကစားသမားများကို ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့ ဝမ်းဘောဒတ်တံတား၌ စက်တင်ဘာလ ၁၈ ရက် နံနက်ပိုင်းတွင်ဂုဏ်ပြုကြိုဆိုကြောင်းသိရသည်။

အဆိုပါ တင်းနစ်အားကစားသမားများကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း နှင့်တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ၊ ဒေသခံပြည်သူများက ဝမ်းဘောဒတ်တံတားမှ စတင်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအထိ ကားလမ်းဘေးဝဲ၊ ယာမှကြိုဆိုကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဂုဏ်ဆောင် တင်းနစ်အားကစားသမားများအား ဂုဏ်ပြုခြင်း အခမ်းအနားကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းထံသို့ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီး နှင့်ပြည်နယ် တင်းနစ်အားကစားပြိုင်ပွဲ စုပေါင်းတံခွန်စိုက်ဆုဖလား၊ အမျိုးသားတံခွန်စိုက်ဆုဖလားနှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလား တို့အား တာဝန်ရှိသူအသီးသီးက ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေ စုစုပေါင်းငွေကျပ်သိန်း ၃၅၀ အားပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု တင်းနစ်အားကစားအဖွဲ့မှ ရွှေတံဆိပ်ခုနစ်ခု၊ အမျိုးသားအကောင်းဆုံးဆု၊ အမျိုးသမီးအကောင်းဆုံးဆု၊ အမျိုးသားတံခွန်စိုက်ဆုဖလား၊ အမျိုးသမီးတံခွန်စိုက်ဆုဖလားနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားတို့ ရရှိကြကြောင်းသိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မြဝတီ စက်တင်ဘာ ၁၈

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်မီးသတ်ဦးစီးဌာနမှ အမှတ်(၁)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြပွဲကို စက်တင်ဘာလ ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြဝတီခရိုင် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဖြိုးမင်းဇော်က မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် သိရှိလိုက်နာရမည့် အချက်များ၊ ကြိုတင်ကာကွယ်ရမည့်အချက်များ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်အချက်ပေးခြင်းနှင့် မီးငြိမ်းသတ်ခြင်းဆိုင်ရာများအား အသိပညာပေး ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရန် သရုပ်ပြသပေးသည်။

ထို့နောက် မီးဘေးနှင့် ကြုံတွေ့သည့်အခါ ဆောင်ရွက်ရမည့် ဇာတ်တိုက်လေ့ကျင့်မှုများကို လက်တွေ့သရုပ်ပြဆောင်ရွက်ပြီး မီးဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေကြသည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးဖြိုးမင်းဇော်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။ (၄၀၆)

## MWD Education, Knowledge & Sports Channel

၁၉-၉-၂၀၂၅(သောကြာနေ့)

၁။ ၀၇:၀၀ - ၀၈:၄၀ Grade - 9 မြန်မာစာ၊ အင်္ဂလိပ်စာ

၂။ ၁၅:၃၀ - ၁၆:၃၅ Grade - 9 အင်္ဂလိပ်စာ၊ သင်္ချာ(၁)

၃။ ၁၆:၃၅ - ၁၈:၁၀ Grade - 9 ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၉-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၀:၀၀ | ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း |
| ၅။ | ၁၁:၀၀ | မြတ်ဗုဒ္ဓ၏သာသနာ |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၇။ | ၁၃:၀၀ | ဝေမျှဆွေးနွေးလူငယ့်အရေး |
| ၈။ | ၁၄:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၉။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၁၀။ | ၁၆:၀၀ | နိုင်ငံတကာသတင်း |
| ၁၁။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၂။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၃။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ သန္တူဋ္ဌိစ** |

## MWD Variety Channel

| | | |
|---|---|---|
| ၁။ | ၁၀:၂၀ | ကျန်းမာသောဘဝ |
| ၂။ | ၁၅:၅၀ | ဗုဒ္ဓဘာသာအကြောင်းသိကောင်းစရာ |
| ၃။ | ၁၆:၁၅ | လူငယ်ရှေ့ရေးအတွေးကမ္ဘာ |
| ၄။ | ၁၇:၄၅ | Countries of the World |

# ရိုးရာအမွေ ခိုင်မြဲစေ

❦ စာပေဂီတ၊ သုခုမသည်
ရှေးကတွင်တွင်၊ အမြင့်စင်နှင့်
မြေပြင်မှာဆိုင်း၊ မြေဝိုင်းသဘင်
တူယှဉ်တင်ဆက်၊ ပြည်သူ့တွက်ကို
လေးနက်ခိုင်ကျည်၊ လက်တွဲညီစွာ
ပြည်သာယာရေး၊ ရည်မျှော်တွေးဆ
ထမ်းခဲ့ကြသည် မျိုးဂုဏ်ရည်။

❦ နားဝင်ပီယံ၊ ဗုံထောက်သံနှင့်
အမှန်မယွင်း၊ တေးချင်းရကန်
ဗုံကြီးသံပြင်၊ အဲအန်တျာချင်း
ဂုဏ်မယွင်းခဲ့၊ ဒုံးချင်းသာချင်း
ညင်းတွဲ့သံသာ၊ စင်မဟာတွင်
စဉ်လာသမိုင်း၊ ဂုဏ်မရိုင်းခဲ့
ယှဉ်နှိုင်းကာသိ သမိုင်းရှိ။

❦ ယခုအခါ၊ ခေတ်ကာလပြောင်း
ရေစီးကြောင်းကြောင့်၊ အဟောင်းကိုပစ်
အသစ်ချစ်၍၊ ခေတ်သစ်သဘင်
အမြင့်စင်တွင်၊ ယခင်ခေတ်ဟောင်း
တေးဟောင်းတေးမြတ်၊ ရှေးအတတ်ကို
ရေးစပ်မှုမှာ မှေးမှိန်လာ။

❦ နောင်ခါမျိုးဆက်၊ ဆင့်ကမ်းလက်ဖြင့်
ခက်လက်ဝေဆာ၊ စင်မဟာတွင်
မင်္ဂလာပြည့်၊ စဉ်လာရှိသည့်
နီတိအမွန်၊ တေးသဝဏ်အား
ရေးညွှန်ယှဉ်ဟပ်၊ ရှေးအတတ်ကို
မြတ်နိုးခုံမင်၊ ထုံးတမ်းစဉ်နှင့်
စင်မြင့်မဟာ တင့်စေရာ။

❦ ဆို က ရေး တီး၊ ပြိုင်ပွဲကြီးတွင်
ဆို တီး ကကြ၊ သုခုမနှင့်
ကပြရန်တွက်၊ တေးသီလက်တို့
ခေတ်ဆက်ဆက်တွင်၊ သမိုင်းဝင်သည့်
တို့ယဉ်ကျေးမှု၊ စာပေစုကို
ရှေးရှုကာပင်၊ မဟာစင်ဝယ်
ခုံမင်မြတ်နိုး၊ တန်ဖိုးထားကာ
ယှဉ်ပြိုင်ကာဖြင့်၊ ရိုးရာယဉ်ကျေး
ဂုဏ်ပျံ့မွှေး၍၊ တို့သွေးတို့သား
တိုင်းရင်းသားတွေ၊ ချစ်ပွားဝေ
ရိုးရာအမွေ ခိုင်မြဲစေ။ ။

**မောင်လေပြေ(တောင်တွင်း)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နေပြည်တော်သို့ပြန်လည်ရောက်ရှိ



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် စက်တင်ဘာ ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၂၂) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ် တက်ရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နန်နင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ကွမ်ရှီးဒေသ CPC ပါတီ ဒုတိယအတွင်းရေးမှူး Mr.Wang Weiping၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်၊ တာဝန်ရှိသူများနှင့် ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယမန်နေ့ညနေပိုင်းကလည်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နန်နင်းမြို့ရှိ တရုတ်-အာဆီယံ AI နည်းပညာဆန်းသစ်တီထွင်မှု ပူးပေါင်းဆောင်ရွက်ရေးစင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက စင်တာအတွင်းရှိAI ဖြင့်ပြုလုပ်ထားသည့် CAAIC သမိုင်းကြောင်း Video၊ AI ၏စွမ်းရည်မြင့်မားလာမှုများ၊ AI ဖြင့် အာဆီယံနိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နေမှု၊ AI ဖြင့် လူမှုဆက်ဆံရေး၊ ဆေးဘက်ဆိုင်ရာကုသရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းများတွင် အကောင်အထည်ဖော်အသုံးပြုနေမှု၊ AI ဖြင့် Super League ပြိုင်ပွဲနှင့် ဖိုရမ်တွင် အသုံးပြုခဲ့သည့်ပစ္စည်းများ၊ တရုတ်-အာဆီယံနှင့် ပတ်သက်သည့် Data Zone၊ လုံခြုံရေးဆိုင်ရာ Service ပေးသည့် Zone တို့ကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က ကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၉-၂၀၂၅

| | | | | | |
|---|---|---|---|---|---|
| | | | | ကန်ကြီးထောင့် | ၁ ဒသမ ၄၄ လက်မ |
| | | | | မြိတ် | ၁ ဒသမ ၂၆ လက်မ |
| မိုင်းကိုင် | ၂ ဒသမ ၈၃ လက်မ | တောင်ကြီး | ၁ ဒသမ ၉၇ လက်မ | ပူတာအို | ၁ ဒသမ ၂၆ လက်မ |
| ထားဝယ် | ၂ ဒသမ ၄၈ လက်မ | ဖျာပုံ | ၁ ဒသမ ၆၁ လက်မ | မချမ်းဘော | ၁ ဒသမ ၂၂ လက်မ |
| ရွှာင် | ၂ ဒသမ ၂၄ လက်မ | ကော့သောင်း | ၁ ဒသမ ၅၀ လက်မ | မြောင်းမြ | ၁ ဒသမ ၀၆ လက်မ |

# မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃၁)ရှိအားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အဖွဲ့ချုပ်မှ တာဝန်ရှိသူများအနေဖြင့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝိတ်တန်းများအလိုက် အင်အားပြည့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်၊ ဂျူဒိုအားကစားနည်းဖြင့် နိုင်ငံတော်အတွက် အောင်မြင်မှုဆုတံဆိပ်များ ရယူပေးနိုင်ရန်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မျိုးဆက်သစ်ဂျူဒိုအားကစားသမားများ ပေါ်ထွက်လာစေရန် လေ့ကျင့်မှုအပိုင်းနှင့် အုပ်ချုပ်ထောက်ပံ့မှုအပိုင်းများကို ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မြန်မာဂျူဒိုအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ပေးနေသည့် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား မှတ်တမ်းတင်ဂုဏ်ပြုကြောင်းနှင့် ဂျူဒိုအားကစားနည်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂျူဒိုအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများနှင့်အခြားနိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရေးနှင့် အောင်မြင်မှုများပိုမိုရရှိစေရေးအတွက် အားကစားသမားများ၏ လေ့ကျင့်နေမှုအခြေအနေများ၊ အဖွဲ့ချုပ်၏ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်၍ အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ အုပ်ချုပ်၊ နည်းပြများနှင့် အားကစားသမားများအနေဖြင့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံတော်အတွက် အောင်မြင်မှုများရရှိအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်လေ့ကျင့်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

# အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ အစည်းအဝေး (၂/၂၀၂၅) ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးအမှတ်(၄၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ပူးတွဲကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးမင်းမင်းက ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်မှု ရာခိုင်နှုန်းအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းမှ ၂၀၂၅ ခုနှစ်တွင် ၇၅ ဒသမ ၆ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ပြီး ရာခိုင်နှုန်းတိုးမြှင့်ခဲ့ခြင်းသည် Category C မှ Category B သို့ ပြောင်းရွှေ့နိုင်ခဲ့ခြင်း၊ လုပ်ငန်းအဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ မြေပြင်ဆောင်ရွက်မှုနှင့် အချက်အလက်ဖော်ပြချက်များအား စဉ်ဆက်မပြတ်အကဲဖြတ်ဆန်းစစ်သွားရန်လိုအပ်ကြောင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်၏ထူးခြားချက်သည် အဖွဲ့ဝင်နိုင်ငံအများစုမှ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏နောက်ဆုံးထုတ်ပြန်ခဲ့သည့် သဘောတူစာချုပ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ကော်မတီအစည်းအဝေးများကို ၂၀၁၇ ခုနှစ် မေလ ၁၇ ရက်ကစပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနတို့သည် ခြောက်လလျှင်တစ်ကြိမ် အလှည့်ကျ ဦးဆောင်ကျင်းပခဲ့ရာ ယခုအစည်းအဝေးသည် ၂၀၂၅ ခုနှစ်အတွင်း ဒုတိယအကြိမ်ပြုလုပ်သော အစည်းအဝေးဖြစ်ကြောင်း၊ လုပ်ငန်းတိုးတက်မှုအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလနှင့် ဇူလိုင်လအတွင်း Measures သုံးခု ထပ်မံအကောင်အထည်ဖော်ပြီးစီးခဲ့သည့်အတွက် WTO Website တွင်ဖော်ပြထားသော မြန်မာနိုင်ငံ၏အကောင်အထည်ဖော်ဆောင်ရွက်မှုရာခိုင်နှုန်း (Implementation Rate) သည် ၆၄ ဒသမ ၇ ရာခိုင်နှုန်းမှ ၇၅ ဒသမ ၆ ရာခိုင်နှုန်းသို့ တိုးတက်လာသည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

ယင်းနောက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များက WTO Trade Facilitation Agreement ၏အစီအမံများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ တိုးတက်မှုနှင့် ယခင်အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅) တွင်ချမှတ်ခဲ့သော အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုတို့ကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေကိုဆွေးနွေးတင်ပြကြပြီး ဆွေးနွေးမှုများအပေါ် ကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲကော်မတီဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကာ နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ ကျင်းပလျက်ရှိသည့် (၁၂)ကြိမ်မြောက် ပေကျင်း ရှန်းစန်း ဖိုရမ် (12th Beijing Xiangshan Forum )သို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တက်ရောက်



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြီးတုန်ကျွင်း (Admiral Dong Jun) နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ President of China Association for Military Science နှင့် President of China Institute for International Strategic Studies တို့၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် ပေကျင်း ရှန်းစန်း ဖိုရမ် (12th Beijing Xiangshan Forum )သို့ တက်ရောက်ရန် ပေကျင်းမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၇ ရက်မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ ပါယိခန်းမ (Bayi Hall)၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး တုန်ကျွင်း (Admiral Dong Jun) နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ကာကွယ်ရေး ဆိုင်ရာကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စစ်ဘက်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေး၊ လေ့ကျင့်ရေးနှင့် သင်တန်းသားများစေလွှတ်ရေး၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါမြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် (12th Beijing Xiangshan Forum) ဖွင့်ပွဲအခမ်းအနားနှင့် စုံညီအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ်ကြီးတုန်ကျွင်းက အဖွင့်မိန့်ခွန်း ပြောကြားသည်။ ယင်းနောက် အစီအစဉ်များကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက Forum ၏စုံညီအစည်းအဝေး ဒုတိယအပိုင်း (2nd Plenary Session ) သို့ ဆက်လက်တက်ရောက်၍ **Strategic Mutual Trust and Security Cooperation in the Asia-Pacific Region** ခေါင်းစဉ်ဖြင့် Plenary Speech ကို ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် (၁၂)ကြိမ်မြောက် ပေကျင်း ရှန်းစန်း ဖိုရမ် (12th Beijing Xiangshan Forum )သို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကာကွယ်ရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးချုပ်များနှင့် ကျွမ်းကျင်သူများ ကိုယ်စားလှယ်စုစုပေါင်း ၅၀၀ ကျော် တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး (၁၂)ကြိမ်မြောက် ပေကျင်း ရှန်းစန်း ဖိုရမ် (12th Beijing Xiangshan Forum) ၏စုံညီအစည်းအဝေး ဒုတိယအပိုင်း (2nd Plenary Session )တွင် Strategic Mutual Trust and Security Cooperation in the Asia-Pacific Region ခေါင်းစဉ်ဖြင့် Plenary Speech ကို ပြောကြားစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တီမောလက်စ်တေ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးတို့ ဦးဆောင်သော နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ဘန်ဒီတို ဒို့စ် ဆန်းတို့စ် ဖရိတ်တက်စ်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၇ ရက်မှ ၁၉ ရက်အထိ အလုပ်သဘော ခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။



ခရီးစဉ်အတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တီမောလက်စ်တေနိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ဘန်ဒီတို ဒို့စ် ဆန်းတို့စ် ဖရိတ် တက်စ်တို့ ဦးဆောင်သည့် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံပြီး နှစ်နိုင်ငံကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးကို အာဆီယံပဋိညာဉ်၊ အခြေခံမူများ၊ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှု မပြုဘဲ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို တိုးမြှင့်သွားကြရန် အလေးထား ဆွေးနွေးသဘောတူခဲ့သည်။

ထို့ပြင် တီမောလက်စ်တေနိုင်ငံက မြန်မာအစိုးရကို ဆန့်ကျင်သည့် အဖွဲ့အစည်းများကို ရုံးဖွင့်လှစ်ခြင်း၊ တရားမဝင်ဆန့်ကျင်သည့် လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း ခွင့်ပြုမည် မဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံအစိုးရအား တီမောလက်စ်တေနိုင်ငံ မြို့တော်ဒီလီ၌ မြန်မာသံရုံး လာရောက်ဖွင့်လှစ်ရန် ဆွေးနွေးကမ်းလှမ်းခဲ့ပြီး နှစ်နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ အာဆီယံနိုင်ငံများအကြား ချုပ်ဆိုကြသည့် နှစ်နိုင်ငံ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့် သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရေးနှင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းတိုးမြှင့်ရေးအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့် သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် တရုတ်-အာဆီယံ စက်မှုဝန်ကြီးများအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲ၊ တရုတ်-အာဆီယံ စက်မှုကဏ္ဍဖလှယ်ရေးနှင့်မြှင့်တင်ရေးအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်




နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့သည့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီက နန်နင်းမြို့ Wanda Vista ဟိုတယ်၌ ပထမဆုံးအကြိမ်ကျင်းပသော ၂၀၂၅ ခုနှစ် တရုတ်-အာဆီယံ စက်မှုဝန်ကြီးများအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဝန်ကြီး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံများအကြား အတူတကွပူးပေါင်းဆောင်ရွက်နိုင်သော စက်မှုပူးပေါင်းဆောင်ရွက်မှုစနစ်တစ်ရပ်ထူထောင်ခြင်းအားဖြင့် စက်မှုကဏ္ဍနယ်ပယ်အတွင်း အပြိုင်အဆိုင်ဖွံ့ဖြိုးတိုးတက်မှု၊ အပြုသဘောဆောင်သည့် ယှဉ်ပြိုင်နိုင်စွမ်းများ ရှိလာပြီး ရေရှည်တည်တံ့သည့်လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ စက်မှုကဏ္ဍရှိ နည်းပညာဆိုင်ရာဝန်ထမ်းများ၏စွမ်းရည်မြှင့်တင်ရေးအတွက် ပူးတွဲလေ့ကျင့်မှု၊ နည်းပညာသင်တန်းများနှင့်သက်မွေးပညာနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများသည် ယနေ့ခေတ်၏ စက်မှုဖွံ့ဖြိုးမှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေလိုအပ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs)နှင့် လူငယ်များပါဝင်ရေး မြှင့်တင်ပြီးချမှတ်ထားသောမူဝါဒများနှင့် လုပ်ငန်းစဉ်များဖြင့် ဂေဟစနစ်တည်ဆောက်သွားနိုင်ပါက တရုတ်-အာဆီယံဒေသအတွင်း စက်မှုဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုပူးပေါင်းဆောင်ရွက်မှုအင်အားဖြင့် တရုတ်-အာဆီယံဒေသကို ပိုမိုအားကောင်းအောင် တည်ဆောက်ကြရန်တိုက်တွန်းပြောကြားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက တရုတ်-အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် နန်နင်းဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်ဖြစ်သည့် စက်မှုမူဝါဒညှိနှိုင်းဆောင်ရွက်မှုနှင့် မဟာဗျူဟာမြောက်ညှိနှိုင်းမှုအားကောင်းစေရန်၊ ဒေသတွင်းဆန်းသစ်တီထွင်မှု ဂေဟစနစ်ကိုတည်ဆောက်ရန်၊ ဒစ်ဂျစ်တယ်၊ အစိမ်းရောင်နှင့်ဉာဏ်ရည်တုနည်းပညာဖြင့် စက်မှုအသွင်ပြောင်းခြင်းနယ်ပယ်များတွင် စံချိန်စံနှုန်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန်၊ ဒစ်ဂျစ်တယ်ဆိုင်ရာအခြေခံအဆောက်အဦများမြှင့်တင်ခြင်း၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဂြိုဟ်တုလမ်းကြောင်းပြခြင်း လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးပံ့ပိုးပေးခြင်းအပါအဝင် ဒစ်ဂျစ်တယ်စီးပွားရေးနှင့်စွမ်းအင်သစ်ကဏ္ဍတို့ပါဝင်သည့် ထွန်းသစ်စစက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုကိုစူးစမ်းလေ့လာရန်၊ တရုတ်နိုင်ငံနှင့်အာဆီယံရှိ စွမ်းအင်သစ်ယာဉ်များတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဖြေလျှော့ပေးရေးကို ဆက်လက်မြှင့်တင်ရန်၊ AI ဖြင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် AI ဆိုင်ရာအသုံးပြုနိုင်သည့် အက်ပလီကေးရှင်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကိုရှာဖွေရန်၊ လျှပ်စစ်စက်ဘီးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်စေရန်၊ အထည်အလိပ်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန်၊ ဆေးဝါးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရန်၊ စက်မှုကဏ္ဍရှိ နည်းပညာဆိုင်ရာဝန်ထမ်းများ၏ ပူးတွဲလေ့ကျင့်မှုကိုအားကောင်းစေရန်၊ SMEs များကို စက်မှုပူးပေါင်းဆောင်ရွက်မှုစနစ်သို့ ပေါင်းစည်းရေးကို သင့်တင့်မျှတသော ပုံစံဖြင့်မြှင့်တင်ရန် စသည့်အချက်များကို သဘောတူညီခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး တရုတ်-အာဆီယံ စက်မှုကဏ္ဍဖလှယ်ရေးနှင့် မြှင့်တင်ရေးအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စက်မှုဝန်ကြီးများနှင့်အတူ တက်ရောက်ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြားစက်မှုကဏ္ဍနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်ပူးပေါင်းဆောင်ရွက်ရေး၊ သံ၊ သံမဏိ၊ ဆေးဝါး၊ အဝတ်အထည်၊ ဝါးတို့နှင့်စပ်လျဉ်းသည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ရေး၊ စိုက်ပျိုးရေးအခြေပြုစက်မှုကဏ္ဍ၊ ဝါဂွမ်း၊ စားသုံးဆီ၊ ဆန်စက်ကဏ္ဍတွင် နည်းပညာမြင့်စက်ကိရိယာများဖြင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေးကျင်းပ






နေပြည်တော် စက်တင်ဘာ ၁၈

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး (၃/၂၀၂၅)ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကြီးကြပ်မှုဗဟိုကော်မတီဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့အတူ ကြီးကြပ်မှုဗဟိုကော်မတီဝင် တိုင်းဒေသကြီး/ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဝန်ကြီးချုပ်များနှင့် ကော်မတီဝင်ကိုယ်စားလှယ်များက သက်ဆိုင်ရာနယ်မြေများမှ ဗီဒီယိုကွန်ဖရင့်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီက အထက်ဌာနအဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက်ရရှိပြီးဖြစ်သည့် အသက် ၁၈ နှစ်နှင့်အထက်ရှိသူများ၏ အတည်ပြုလူဦးရေစာရင်းကို မဲဆန္ဒရှင်စာရင်းပြုစုရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ အတည်ပြုစာရင်းများ ပေးပို့ခဲ့ပြီးဖြစ်သော်လည်း ရွေးကောက်ပွဲမကျင်းပမီ ကြားကာလတွင် လူဦးရေပြောင်းလဲမှုများသည် နေ့စဉ်နှင့်အမျှ ဖြစ်နိုင်ခြင်းကြောင့် ယင်းကြားကာလအတွင်း ပြောင်းလဲလာမည့် လူဦးရေစာရင်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးချပြဆောင်ရွက်နိုင်ရန် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

ထို့ပြင် မဲပေးပိုင်ခွင့်ရှိသူနိုင်ငံသားတိုင်း မဲစာရင်းတွင်ပါဝင်ရမည်ဖြစ်သကဲ့သို့ နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယခုကြားကာလအတွင်း မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လဝက စသည့်ဌာနသုံးခုအနေဖြင့် လက်ရှိမြေပြင်တွင် အကြောင်းအမျိုးမျိုးကြောင့် မိမိမြို့နယ်အတွင်း ပြောင်းဝင်/ပြောင်းထွက်ကြသည့်စာရင်းများ၊ ကွယ်လွန်သွားသူများကို အချိန်နှင့်တစ်ပြေးညီ တိုက်ဆိုင်စိစစ်ပြီး လဝက၏ လက်ရှိအိမ်ထောင်စုလူဦးရေစာရင်းနှင့်ကိုက်ညီစေရေး စဉ်ဆက်မပြတ်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နေကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ကော်မတီဝင်ကိုယ်စားလှယ်များက လက်ရှိလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲမတိုင်မီ ကြားကာလအတွင်း လူဦးရေပြောင်းလဲမှုများအပေါ် အဆင့်ဆင့်တင်ပြဆောင်ရွက်သွားမည့်အစီအစဉ်၊ ပန်းခင်းစီမံချက်အဆင့်(၃) လျာထားချက်ပြည့်မီပြီးစီးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို လည်းကောင်း၊ တက်ရောက်လာကြသည့် ကြီးကြပ်မှုဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများက မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရန် ဌာနအလိုက် ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၈

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

⇨ စာမျက်နှာ ၁၅ မှအဆက်

**ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး**

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာအတတ်ပညာနှင့်ပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးကို မဖြစ်မနေအားပေး မြှင့်တင်ရမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း တန်းစဉ်ကူးပြောင်းမှုမှာ လျော့နည်းလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် အတန်းပညာများရှိစေရေး ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ပြီး တန်းစဉ်ကူးပြောင်းမှုများကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်နိုင်ငံလုံးပညာရည်မြင့်မားရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးအားနည်းမှုရှိပါက အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ရမည်ဖြစ်ပြီး အခြားသူများ၏ ဦးဆောင်မှုကို ခံရမည်ဖြစ်သဖြင့် မိမိတို့ဒေသအတွင်း ပညာတတ် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝအောင် မွေးထုတ်ကာ ဒေသအကျိုးကို ဖော်ဆောင်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့်ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှဖြည့်ဆည်းပေးရန်လိုအပ်သည်များကိုဖြည့်ဆည်းပေးသွားမည်ဖြစ်သကဲ့သို့ ဒေသခံများကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် အခမ်းအနားအပြီးတွင် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ MSME ထုတ်ကုန်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုခဲ့ကြောင်းနှင့် သိရှိလိုသည်များမေးမြန်းဆွေးနွေးခဲ့သည်။

ထို့နောက် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ထားဝယ်မြို့ ဘိုးဘွားရိပ်သာသို့ ရောက်ရှိကြပြီး ဘိုးဘွားများအား ဂါရဝပြုကန်တော့ကာ အာဟာရဖြည့်ငှက်သိုက်များနှင့် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဘိုးဘွားများ၏ ကျန်းမာရေးအခြေအနေများအား မေးမြန်းကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ငင်းနောက် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဘိုးဘွားရိပ်သာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားကာ ဘိုးဘွားရိပ်သာအတွက်အလှူငွေများပေးအပ်လှူဒါန်းသည်။

ထို့နောက် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့အတွင်းနှင့် ဆိပ်ကမ်းသာလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် တနင်္သာရီတိုင်းဒေသကြီးကျက်သရေဆောင် ထားဝယ်မြို့၊ လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးသို့သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ငင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ဘက်စုံအလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ယင်းနောက် ရွှေတောင်စားစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များအား တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရွှေဝယ်သီရိအားကစားကွင်းနှင့် အားကစားရုံသို့ ရောက်ရှိကြပြီး အားကစားကွင်း အဆင့်မြှင့်နိုင်မည့်အခြေအနေများအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ထားဝယ် လေဆိပ် သို့ရောက်ရှိကြပြီး လေဆိပ်ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည့်အတွက် စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လိုအပ်မှုနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကျန်းမာရေးဖိုရမ်ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်




နေပြည်တော် စက်တင်ဘာ ၁၈

(၅) ကြိမ်မြောက် တရုတ်-အာဆီယံ ကျန်းမာရေးဖိုရမ်ဖွင့်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ Wuxiang Resort ၌ စက်တင်ဘာလ ၁၆ ရက်က ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဦးစွာ ကျန်းမာရေးဖိုရမ်ဖွင့်ပွဲနှင့် မျက်နှာစုံညီအစည်းအဝေးကိုကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအုပ်ချုပ်ရေးမှူး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင်နှင့် အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အတွင်းရေးမှူးချုပ်ရုံးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများက အမှာစကားများပြောကြားကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုနှစ်ဖိုရမ်၏ဆောင်ပုဒ်ဖြစ်သည့် Health For Common Development in the Age of Digital Intelligence သည် တရုတ်နှင့် အာဆီယံနိုင်ငံများရှိ ပြည်သူများ၏ လူမှုဘဝနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် တိုးတက်ပြောင်းလဲလာသော နည်းပညာကဏ္ဍ၏ အရေးပါမှုအား ပိုမိုထင်ဟပ်စေကြောင်း၊ ဉာဏ်ရည်တုနည်းပညာ(AI) အသုံးပြု၍ အာဆီယံနိုင်ငံများနှင့်တရုတ်နိုင်ငံတို့အကြား ကျန်းမာရေးသတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ပူးပေါင်းဆေးကုသမှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဝေးလံခက်ခဲသောဒေသများတွင် နေထိုင်သူများအတွက် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ AI နည်းပညာဖြင့် လူနာမှတ်ပုံတင်ခြင်း၊ ရောဂါရှာဖွေခြင်း၊ ဆေးကုသမှုများဆောင်ရွက်ခြင်းနှင့်ဆေးမှတ်တမ်းထိန်းသိမ်းခြင်းများအား ပိုမိုပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ အပြန်အလှန်နည်းပညာနှင့် လုပ်ငန်းအတွေ့အကြုံဖလှယ်ခြင်းများ ပိုမိုဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များက နန်နင်းမြို့ ကွမ်ရှီးတက္ကသိုလ်ဆေးရုံရှိ China-ASEAN Healthcare Cooperation Center ကို ဒစ်ဂျစ်တယ်စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အဆိုပါဆေးရုံရှိ တရုတ်-အာဆီယံ အထူးဆေးကုသဆောင်သို့ သွားရောက်လေ့လာကြသည်။

ယင်းနောက် Health Industry Develop-ment Sub-Forum ကို ဆက်လက်ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းက "Intelligently steering the health industry building a new Health Silk Road" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထက်လင်းက "Health care services in Myanmar" ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ဆွေးနွေးကြသည်။

စက်တင်ဘာလ ၁၅ ရက်တွင်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က နန်နင်းမြို့ရှိဆွန်ယက်ဆင်ဆေးရုံသို့သွားရောက်လေ့လာကြရာဆေးရုံတာဝန်ရှိသူများက အရေးပေါ်ဆေးကုသမှုဌာန၊ ခွဲစိတ်ကုသမှုဌာန၊ ခေတ်ခွဲဌာန၊ ခေတ်မှန်ဌာနတို့တွင် ခေတ်မီစက်ကိရိယာများ၊ နောက်ဆုံးပေါ် နည်းပညာများ၊ Artificial Intelligence (AI) အသုံးပြု၍ ရောဂါရှာဖွေမှု၊ ဆေးရုံသမိုင်းကြောင်းနှင့် ဆေးကုသမှုလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။

ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင်နှင့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့တို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၁၈**

အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား အလုပ်လုပ်ကိုင်မှု၊ စည်းကမ်းချက်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးဆောင်ရွက်နိုင်ရန် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ WCC အဖွဲ့များအားကောင်းလာပြီး အဖွဲ့ဝင်များ အရည်အချင်းပြည့်ဝစေရန် ဦးစီးဌာနများက စည်းကြပ်သည့်ဥပဒေများနှင့် အငြင်းပွားမှုဖြေရှင်းရာတွင် ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ Myanmar Zhi Yuan Garment Co.,Ltd. အထည်ချုပ်စက်ရုံ၊ Hanbon (Myanmar) Garment Co., Ltd. နှင့် Ruifa Interprise Limited အိတ်ချုပ်စက်ရုံများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံတာဝန်ခံများ၊ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့် အလုပ်သမားအဖွဲ့အစည်းဝင်များ၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီဝင်များနှင့်တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။ **မြဝတီ**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တနင်္သာရီတိုင်းဒေသကြီး ကျက်သရေဆောင် ထားဝယ်မြို့ လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်စဉ်။

⇨ စာမျက်နှာ ၁၇ မှအဆက်

တင်ပြချက်များတွင်ပါဝင်သည့် ရော်ဘာထုတ်ကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ရော်ဘာကုန်ကြမ်းများ အနေဖြင့် အဆင့်မြှင့်တင်နိုင်ရန်လိုကြောင်း၊ ရော်ဘာကုန်ကြမ်းများအား ပြည်ပသို့ လွယ်ကူစွာတင်ပို့နိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း အဆင့်မြှင့်တင်နိုင်မည်ဆိုပါက ဈေးကွက်နှင့်ဈေးနှုန်း ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများ တင်ပို့ခြင်းအပြင် ရော်ဘာထုတ်ကုန်များ ဖြစ်သည့် တာယာ၊ ကျွတ်နှင့် လူသုံးကုန်ပစ္စည်းများကို အဆင့်မီစွာဖြင့် ဈေးကွက်ရရှိအောင်ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ရော်ဘာထုတ်ကုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအားပေးဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံငွေများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း၊ ရော်ဘာစိုက်ပျိုးရာတွင်လည်း အပင်၏ သက်တမ်းနှင့်ထွက်ရှိနိုင်မှုတို့အပေါ်မူတည်၍ သွင်းအားစုများဖြည့်သွင်းခြင်းအပါအဝင် စဉ်ဆက်မပြတ်သည့် ရော်ဘာထုတ်လုပ်မှုကွင်းဆက်ဖြစ်ပေါ်လာအောင် တွက်ချက်စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ ရော်ဘာထုတ်ကုန်ပစ္စည်းများသည် နိုင်ငံတော်အတွက်လိုအပ်ချက်အမြဲရှိနေမည်ဖြစ်သည့်အတွက် ရော်ဘာကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

## ငါး၊ ပုစွန်၊ ကဏန်း၊ ရေထွက်ပစ္စည်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

မိမိတို့၏အိမ်နီးချင်းနိုင်ငံများတွင် ငါး၊ ပုစွန်၊ ကဏန်းနှင့်ရေထွက်ပစ္စည်း အသားလိုအပ်ချက်များစွာရှိနေကြောင်း၊ မိမိတို့အနေဖြင့် ငါးနှင့် ရေထွက်ပစ္စည်းများကို သဘာဝအလျောက်ဖမ်းယူရရှိနိုင်သကဲ့သို့ မွေးမြူရေးလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်၍ ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့်ဈေးကွက်လိုအပ်ချက်ရှိနေသည့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်နှင့် မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့်အစာကိုလည်း ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် **မိမိတို့ရေပိုင်နက်အတွင်း ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းများတိုးတက်လာစေရေးဆောင်ရွက်သွားရန်လိုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း၊ အလားတူ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆက်သွယ်မှု ပိုမိုမြန်ဆန်စေရေးအတွက် ထားဝယ်လေဆိပ်အား အဆင့်မြှင့်တင်တိုးချဲ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဘုတ်ပြင်း၊ ကော့သောင်း စသည့် ကျွန်းပတ်လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထားဝယ်ဆိပ်ကမ်းနှင့်ပတ်သက်၍လည်း ထားဝယ်မြစ်အတွင်း သင်္ဘောများဝင်ထွက်မှု အဆင်ပြေစေရေး မြစ်ကြောင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထားဝယ်ဆိပ်ကမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် အကောင်းဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှရင်းနှီးမတည်ငွေများထုတ်ပေးထားရှိပြီး လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အသား၊ ငါးနှင့် အခြေခံစားကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်ရခြင်းမှာ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအားမမျှခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် တရားမဝင်ကုန်သွယ်မှုများကြောင့်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ဖြစ်ပေါ်စေကြောင်း၊ မိမိတို့အနေဖြင့် ကုန်ဈေးနှုန်းများထိုက်သင့်သည့်ဈေးနှုန်းအတိုင်းဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တရားမဝင်ကုန်စည်စီးဆင်းမှုများမဖြစ်ပေါ်စေရေး တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းအပြင် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ငွေများသည်လည်း



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

များစွာထိခိုက်နစ်နာရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပြီး အရည်အသွေးပြည့်မီသည့်ပို့ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့်လည်း ဒေသတွင်းကုန်ထုတ်လုပ်မှုများတိုးမြှင့်၍ ဒေသနှင့်နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးလိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်နှင့် လိုအပ်သည်များအပြန်အလှန်ဆွေးနွေးနိုင်ရန်လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရမှဆောင်ရွက်ပေးခြင်းအပြင်ဒေသခံများအားလုံးကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထားဝယ်ဒေသအတွင်း တစ်ဧကအထွက်နှုန်းပြည့်မီအောင်ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ဒေသတွင်းဆန်ဖူလုံမှုမရှိသည်ကို တွေ့မြင်ရကြောင်း၊ ဒေသတွင်းဆန်ဖူလုံမှုရှိအောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းငွေကြေးလည်ပတ်မှုများကောင်းမွန်လာမည်ဖြစ်ပြီး ဒေသစီးပွားရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အခြားသီးနှံများ အထွက်နှုန်းတိုးတက်စေရေး၊ ပန်းတိုင်အထွက်နှုန်းများရရှိရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းဖူလုံမှုမရှိ၍ ပြင်ပမှဝယ်ယူစားသုံးကုန်ကျမည့်ငွေကြေးများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားနေရာများ၌ သုံးစွဲခြင်းဖြင့်ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်သွားကြစေလိုကြောင်း။

## စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေနိမ့်ကော်ဖီဖြစ်သည့် Robesta ကော်ဖီကို စိုက်ပျိုးနိုင်ကြောင်း၊ ဒေသ၏အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး ဒေသတွင်းစိုက်ပျိုးဖြစ်ထွန်းသည့် ကော်ဖီ၊ ကိုကိုး၊ ဒူးရင်း၊ သီဟိုဠ်၊အုန်းစသည့်အပင်များကိုအောင်မြင်အောင်စိုက်ပျိုး၍ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဝါးနှင့် ကြိမ်သယံဇာတများစွာထွက်ရှိသဖြင့် ဝါးနှင့်ကြိမ်ကုန်ကြမ်းများကို အခြေခံသည့် တန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ဒေသတွင်းစားရေးဖူလုံမှုအပြင် ပြင်ပနှင့်ပြည်ပသို့ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံပြီး စနစ်ကျန၍ စဉ်ဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှုကို ဖော်ဆောင်နိုင်မည်ဆိုပါက ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအပြင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၁၄ သို့ ⇨

⇨ ကျောဖုံးမှအဆက်

## ဒေသဆိုင်ရာအချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိမှုနှင့်လိုအပ်ချက်များအား ဆွေးနွေးတင်ပြ

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာအချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိမှုနှင့် တစ်ဧကပန်းတိုင်အထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်လျက်ရှိမှု၊ ဆီဖူလုံမှုရရှိရေးအတွက် ဆီကြိတ်နှင့် ဆီချောစက်ရုံများ ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ ရော်ဘာနှင့်ကော်ဖီသီးနှံ စိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ငါးသယံဇာတနှင့် ရေထွက်ကုန်ထုတ်လုပ်ရေးစက်ရုံများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ မြို့ပြနှင့်ကျေးလက်ဒေသများအားလုံး လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နိုင်မှု၊ တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဒေသများသို့ ပြည်ပခရီးသွားဧည့်သည်များဝင်ရောက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ကျန်းမာရေးဆိုင်ရာဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု၊ ဒီရေတောပင်များ ထိန်းသိမ်းထားရှိမှုနှင့်တစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများပြုလုပ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ MSME ထုတ်ကုန်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လေ့လာကြည့်ရှုစဉ်။

သည်။

## တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး

၎င်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်ဒုတိယဝန်ကြီးများက တင်ပြချက်များတွင်ပါဝင်သည့် မြန်မာ့ရော်ဘာပို့ကုန်များ ပိုမိုဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်သတ်မှတ်ချက်များ၊ အသိအမှတ်ပြုလက်မှတ်များ ပြည့်မီမှုရှိစေရေးဆောင်ရွက်သွားရန်လိုအပ်မှု၊ နိုင်ငံတော်မှသတ်မှတ်ပေးထားသည့် တရားဝင်လမ်းကြောင်းများမှ တင်ပို့ရောင်းချသွားမည်ဆိုပါက ရော်ဘာပို့ကုန်များ ပိုမိုဈေးကွက်ရရှိနိုင်မှု၊ စားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသေးစားစက်မှုဇုန်ပြုလုပ်ရန် မြေနေရာရရှိလိုမှုနှင့်ပတ်သက်၍ သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားနိုင်မှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများအား လုပ်ငန်းရပ်များအလိုက် ကာလသတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးထားခြင်းဖြစ်သည့်အတွက် စည်းကမ်းသတ်မှတ်ချက်များ

❖ နိုင်ငံတော်အနေဖြင့် ရော်ဘာထုတ်ကုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံငွေများကိုလည်းထုတ်ပေးလျက်ရှိ၊ ရော်ဘာထုတ်ကုန်ပစ္စည်းများသည် နိုင်ငံတော်အတွက်လိုအပ်ချက်အမြဲရှိနေမည်ဖြစ်သည့်အတွက် ရော်ဘာကိုအခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ် . . .

❖ ထားဝယ်ဆိပ်ကမ်းနှင့်ပတ်သက်၍လည်း ထားဝယ်မြစ်အတွင်း သင်္ဘောများဝင်ထွက်မှုအဆင်ပြေစေရေး မြစ်ကြောင်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိ၊ ထားဝယ်ဆိပ်ကမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် အကောင်းဆုံးဆောင်ရွက်ပေးသွားမည်ဖြစ် . . .



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်မြို့ ဘိုးဘွားရိပ်သာအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ထားဝယ်မြို့ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား အာဟာရဖြည့်ငှက်သိုက်များ၊ စားသောက်ဖွယ်ရာများနှင့်အဝတ်အထည်များပေးအပ်လှူဒါန်းစဉ်။


မြို့မိမြို့ဖများနှင့်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ရော်ဘာကုန်ကြမ်းများအား တင်ပို့ရောင်းချရာတွင် ပိုမိုလွယ်ကူမှုရှိစေရေးနှင့် အကျိုးအမြတ်ပိုမိုရရှိစေရေး ဆောင်ရွက်ပေးစေလိုမှု၊ ထားဝယ်ခရိုင်အတွင်း ငါးနှင့်ရေထွက်သယံဇာတမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ကျွန်းပတ်လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးစေလိုမှု၊ အသေးစား၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးစေလိုမှု၊ ထားဝယ်ဒေသအတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလိုအပ်ချက်များကို အသီးသီးဆွေးနွေးတင်ပြကြ

အတိုင်းသာ ရယူဆောင်ရွက်သွားရန်နှင့် ပြန်လည်ပေးဆပ်သွားရန်လိုအပ်မှု၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးရေးနှင့် မွေးမြူ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ထားဝယ်မြို့ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား ဂါရဝပြုကန်တော့စဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထားဝယ်လေဆိပ်နှင့်လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ရေးတက္ကသိုလ်အား ဖွင့်လှစ်ပေးသွားမည်ဖြစ်သဖြင့် တနင်္သာရီတိုင်းဒေသကြီးမှ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း တက်ရောက်နိုင်မည်ဖြစ်ပြီး အဆိုပါ တက္ကသိုလ်များအား နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိမှု၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေနိမ့်ကော်ဖီများကိုအောင်မြင်စွာစိုက်ပျိုးနိုင်မည့် အရင်းအမြစ်များရှိပြီးဖြစ်သဖြင့် အောင်မြင်အောင်ဆောင်ရွက်သွားကြစေလိုမှု၊ ရေငန်ပုစွန်မွေးမြူရေးနှင့်ပတ်သက်၍လည်း ပြည်ပနိုင်ငံများမှ ဝယ်လိုအားရှိပြီး ဈေးကွက်ရှိသည့်လုပ်ငန်းဖြစ်သဖြင့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအား နိုင်ငံတော်မှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့များသို့ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်လေကြောင်းလိုင်းများမှ ခရီးသည်ရရှိမှုနှင့် ရာသီဥတုအပေါ်မူတည်၍ လေကြောင်းခရီးစဉ်များ ပြေးဆွဲပေးလျက်ရှိမှု၊ ရေထွက်ကုန်ပစ္စည်းများအား ပြည်ပနိုင်ငံများသို့ တိုက်ရိုက်ပြေးဆွဲတင်ပို့နိုင်ရေးအတွက် ကုန်တင်လေယာဉ်ကြီးများ ဆင်းသက်နိုင်မည့် လေယာဉ်ကွင်းများဖြစ်ပေါ်လာရေး အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ကမ်းရိုးတန်းသွားသင်္ဘော

**❖ မိမိတို့အနေဖြင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုအားပေးဆောင်ရွက်လျက်ရှိ၊ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပြီး အရည်အသွေးပြည့်မီသည့်ပို့ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့်လည်း ဒေသတွင်းကုန်ထုတ်လုပ်မှုများတိုးမြှင့်၍ ဒေသနှင့်နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက် . . .**

**❖ တနင်္သာရီတိုင်းဒေသကြီးအတွင်း တန်းစဉ်ကူးပြောင်းမှုမှာ လျော့နည်းလျက်ရှိသည်ကိုတွေ့ရှိရ၊ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ပြီး တန်းစဉ်ကူးပြောင်းမှုများကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်၊ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက် . . .**

များဖြင့် ကုန်စည်စီးဆင်းမှုနှင့်ခရီးသွားလာမှုများ အဆင်ပြေစေရေးအတွက် ထားဝယ်မြို့ရှိ ဆိပ်ခံဖောတံတားအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ သိပ္ပံနည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ အသီးသီးပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့မိ၊ မြို့ဖများနှင့် လုပ်ငန်းရှင်များ၏ တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးသက်ဆိုင်ရာဝန်ကြီးဌာနများသို့တင်ပြ၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည့်အခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

### ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြား

ထို့နောက် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ထားဝယ်မြို့သည် အစဉ်အလာရှိသည့် မြို့တစ်မြို့ဖြစ်ပြီး လွတ်လပ်ရေးကြိုးပမ်းစဉ်ကတည်းကပင် သမိုင်းကြောင်းကောင်းသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ယဉ်ကျေးမှုအနေဖြင့်လည်း ရှေးနှစ်ပေါင်းများစွာကတည်းကပင် ခိုင်ခိုင်မာမာရှိခဲ့သည့် ဒေသတစ်ခုဖြစ်ခဲ့ကြောင်း၊ မကြာသေးမီနှစ်များအတွင်း မိမိအနေဖြင့် ထားဝယ်ဒေသသို့ရောက်ရှိခဲ့ပြီး မြို့တော်ခန်းမအဆောက်အဦလိုအပ်ချက်ရှိသည်ကို တွေ့ရှိခဲ့ရသဖြင့် အဆောက်အဦအသစ်ဆောက်လုပ်နိုင်ရန် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရွှေဝယ်သီရိအားကစားကွင်းအဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထားဝယ်လေဆိပ်အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက်လည်း လိုအပ်သည်များ မှာကြားခဲ့ကြောင်း။

စာမျက်နှာ ၁၅ သို့ ⇨

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing meets departmental officials and elders from Dawei, Taninthayi Region, discusses regional development



Senior General Min Aung Hlaing hears a report on salient points of Lawka Marazein Pagoda.

NAY PYI TAW September 18

Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing met departmental officials and elders from Dawei, Taninthayi Region, this morning at Dawei town hall, and discussed regional development.

Also present at the meeting together with the Senior General were Commission Secretary Joint Executive Chief General Ye Win Oo, union ministers U Min Naung, Dr Myo Thein Kyaw, Taninthayi Region Chief Minister U Myat Ko, senior military officers from the Office of the Commander-in-Chief, the Coastal Region Command commander, deputy ministers, officials, and members of region government.

**Reports on regional points and ongoing development undertakings**

The chief minister presented a report on salient points of the region, successful agricultural activities in it and efforts to hit the per-acre yield target, extension of raw edible oil and finished edible oil mills, rubber and coffee cultivation and yield, activities for further progress of breeding industry, extension of fish resources and marine products manufacturing factories, electrification programs in all rural and urban areas, arrival of foreign tourists at tourist destinations in the region, opening of schools in the region and education activities, matriculation examination pass rate, opening of mechanical, agricultural basic education high schools, provision of healthcare services, mangrove forests conservation and environmental conservation through large-scale tree-growing ceremonies, and ongoing development activities in Dawei area.

Local elders and officials of organizations and associations reported on necessary assistance to facilitate the exportation of raw rubber and increase profits, develop fish and other marine resources farming in Dawei district, extend roundtrip flights,




Senior General Min Aung Hlaing cordially greets the attendees.



Senior General Min Aung Hlaing inspects products of local industries.

See Page - 19



Senior General Min Aung Hlaing inspects the sports ground.

■■ From Page - 18

promote MSMEs and improve road transportation in the area and requirements for regional development.

**Clarifications of union ministers and officials**

In response, union ministers and deputy ministers said rubber exports from Myanmar must meet international terms and conditions and certification standards, and the goods will find more markets if they are exported through the legal means set up by the state. Regarding kitchen crop cultivation and land for MSME industrial zones, applications can be presented in accord with the set rules. As the national economic development fund is disbursing loans business wise for specific periods, they must be received and repaid in accord with rules. Students from Taninthayi Region can attend the agriculture and farming university that will be opened in the academic year 2025-2026 in Ayeyawady Region and new universities will also be set up annually. Taninthayi Region must strive for the success of coffee cultivation as it has resources for the successful growing of lowland coffee. The State will provide assistance for entrepreneurs to run sea prawn farming in accord with the set rules, and the products have high foreign demand. Passenger availability of flights of State-owned and private airways to towns in Taninthayi Region. Efforts are underway to establish airports that can handle large cargo planes for direct aquatic product exports. Dawei jetty is ready to be upgraded for the smooth flow of passengers and goods along the coast. They also explained the opening of universities, colleges and basic education for development of human resources, skilled in science and technology. The chief minister said the requirements of local elders and businesspersons will be relayed to the relevant ministries to be fulfilled through coordination.

**Discussion on Regional Development**

Following this, the Senior General, in his discussion on development matters in the Dawei region, stated that Dawei is a city with a long history and has been a city with a good historical record since the struggle for independence. Culturally, it has also been a region with a strong foundation for many centuries. In recent years, he had visited the Dawei region and, upon noticing the need for a city hall, had taken action to have a new building constructed. Furthermore, he had also facilitated the upgrading of the Shwe We Thiri sports ground and had given instructions regarding the necessary measures for upgrading Dawei Airport.

Regarding the rubber products mentioned in the presentations, he noted that the raw rubber materials produced in our country need to be upgraded. While efforts will be made to facilitate the easy export of raw rubber materials abroad, if they can be upgraded, better market access and prices can be obtained. Besides exporting raw materials, it would be more beneficial if value-added rubber products such as tyres, tubes, and consumer goods could be produced to a standard that captures the market. Therefore, the State is encouraging and supporting the development of the rubber product industry and is also providing investment funds. In rubber cultivation, based on the plant's lifespan and potential yield, it is necessary to cultivate with calculation, including the provision of inputs, to establish a continuous rubber production chain. As rubber products will always be in demand for the State, emphasis must be placed on developing rubber-based industries.

**Development of Fish, Prawn, Crab, Marine Products, and Livestock Breeding Industries**

There is a significant demand for fish, prawn, crab, and marine product meat in our neighbouring countries. We can obtain fish and marine products through natural catching and can also successfully undertake breeding operations to produce them. Therefore, fish and prawn breeding industries, for which there is market demand, need to be expanded, and it is necessary to sufficiently produce the required feed for the breeding industry domestically. Consequently, it is necessary to take action to develop both inshore and offshore fishing operations within our maritime territory, and required support will be provided. Similarly, necessary assistance and support will be provided for the development of fish and prawn breeding industries.

To further develop regional economic activities and improve connectivity, work is underway to upgrade and expand Dawei Airport. Arrangements will also be made to expand and operate more inter-island flight routes, such as to Bokpyin and Kawthaung. Regarding Dawei Port,

See Page - 20 ■■



Senior General Min Aung Hlaing hears a report on the functions of the home for the aged.

■■ From Page - 19

measures are being taken to carry out river dredging work to facilitate the smooth entry and exit of vessels in the Dawei River. The best efforts will be made to support the upgrading of Dawei Port.

The State has provided investment capital for livestock breeding industries and their development, and he urged efforts to make these ventures successful. The high prices of meat, fish, and basic food commodities are due to high production costs and an imbalance between supply and demand. Furthermore, illegal trade also causes commodity price inflation. Efforts are being made to ensure commodity prices are at reasonable levels, and action is being taken to combat illegal trade flows. Illegal trade not only causes high commodity prices but also significantly damages and causes losses to the State's rightful tax revenues. Therefore, efforts are being made to encourage domestic production to substitute for imports. If domestic production can meet internal demand and also produce quality goods for export, it will greatly contribute to the country's economic development. The Taninthayi Region also needs to strive to increase regional production to promote both regional and national economies.

He stated that his visit was to provide necessary support for the development of economic activities within the Taninthayi Region and to mutually discuss requirements. For regional development, besides the government's efforts, all local people also need to collectively strive and work together. It was observed that due to the inability to achieve target per-acre yield rates in the Dawei region, there is a lack of rice sufficiency in the region. By ensuring regional rice sufficiency, the circulation of money within the region will improve, greatly aiding the regional economy. Similarly, efforts must be made to increase the yield of other crops and achieve target yield rates. The funds that would be spent on buying from outside due to a lack of regional sufficiency should instead be used for regional development in other areas to foster the region's progress.

**Development of agro-based industries**

It is necessary to exert efforts for development of agro-based industries and Robesta coffee can be grown in Taninthayi region. Favorable conditions in the region must be utilized beneficially and agro-based industries must be implemented by growing coffee, cocoa, durian, cashew and coconut trees, which are suitable in the region. Similarly, bamboo and rattan resources are abundant in the region and if value-added products can be manufacture from them, contribution can be made for regional economic development.

Measures must be taken to produce goods successfully to export them to other regions and countries by carrying out agriculture and livestock breeding tasks successfully. If systematic and consistent production based on agriculture and livestock breeding can be implemented, not only regional socio-economic development but also national economic development can be achieved.

**Nurturing educated human resources**

To be able to do so, human resources instilled with knowledge and technology must be cultivated. Therefore, it is necessary for us to promote education without fail and it was found that class pass rates in the region dropped. Concerted efforts must be made to enable all school-aged children to go to school to attain formal education and to achieve higher pass rates. The government has been taking measures for higher education standards of the country and it is necessary to make efforts to nurture abundant human resources because education weaknesses will force people to work in other regions under the leadership of other peoples. It is necessary for us to place emphasis on nurturing human resources that will lead the future of the country.

The government is ready to fulfill the needs for socio-economic development of the region and local residents are urged to make concerted efforts for regional development.

After the ceremony, the Senior General and party cordially greeted the attendees and observed the MSME exhibition booths of industries in the region, inquiring about matters of interest.

Then, the Senior General and his wife and party proceeded to the home for the elderly in Dawei, paid respects to the elderly before donating supplementary edible bird-net, foodstuffs and clothes. Afterward, the Senior General and party asked after the health of the elderly and cordially greeted them.

Then, the Senior General inspected the home for the elderly and gave necessary instruction on reports of officials before donating cash for the home for the elderly.

Afterward, the Senior General and party inspected places in the town and Seikkantha Road by car.

Then, the Senior General and his wife and party offered flowers, water and lights at landmark of Taninthayi region the Dawei Lawka Marazein Buddha image and the Shwetaungsar Pagoda and paid obeisance to the Buddha image and pagoda by circling clockwise. Then, the Senior General signed the guest book of the pagoda.

Then, the Senior General and his wife and party donated cash for the pagoda to members of the pagoda board of trustees, who presented a certificate of honor to the Senior General.

Then, the Senior General and party paid respects to the Shwetaungsar pagoda and gave instruction on offering gold robes to the pagoda.

Then, the Senior General and party arrived at Shwe We Thiri stadium and inspected the upgrading of it before giving necessary instructions.

Afterward, the Senior General and party arrived at Dawei airport and heard reports on upgrading the airport and its runway reported by the deputy minister of transport.

After hearing the reports, the Senior General gave necessary instructions on long-term systematic tasks and other needs. **100**

---

●● From Page - 21

attributed not only to the dedication and responsible efforts of parents and teachers but also to the hard work and perseverance of the students.

From 2021 to 2025, over the past four years, among those who passed the matriculation examination, 18 are attending medical universities, 152 are attending technological universities, and 196 are studying at Dawei Polytechnic University. In addition, four industrial, agriculture and livestock high schools have been opened in four districts of Taninthayi Region, where students are being trained in basic vocational skills for their livelihoods.

A truly outstanding person achieves success only through the strict guidance of parents and teachers from an early age, along with perseverance and effort since childhood. As the saying goes, **"A good beginning ensures a sure ending."** Just like Ma Myat Yadana Thin, the Dawei region has produced many distinguished individuals known across the nation and the world, such as Prime Ministers U Ba Swe and U Sein Win, Colonel Ba Htoo, hot-air balloon innovator U Kyaw Yin, Thura Ma Chit Po, artist U Ngwe Kai, Auditor General of the State U Ohn Tin, Maung Dawei U Pe Aye, and weightlifting champion of the peninsula games U Pe Aye, among many others who cannot all be mentioned here. These figures are a source of pride for Taninthayi Region.

Just as the government is working to enhance the education sector, parents and teachers are urged to guide, instruct, and train their children and students to become knowledgeable, upright, and capable individuals. Students, in turn, should listen attentively to their parents' and teachers' guidance and teachings, absorb and apply them, and strive to become well-educated, skilled, and outstanding in various fields—good citizens of the nation who are reliable and dependable for the country's future.

The Senior General and his wife presented the honorary award to Ma Myat Yadana Thin from Dawei Township of Taninthayi Region, who secured six distinctions in the science combination of the matriculation examination 2025.

After the ceremony, the Senior General cordially greeted six-distinction winner Ma Myat Yadana Thin and her parents. **100**

---

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing attends opening of Dawei City Hall, presents prize to outstanding student who passed the matriculation examination 2025 with six distinctions in science combination





Senior General Min Aung Hlaing delivers an address at the ceremony to present prize to outstanding student who passed the matriculation examination 2025 with six distinctions.

NAY PYI TAW September 18

A cermeony to inaugurate the new city hall in Dawei of Tanintharyi Region took place this morning, attended by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing.

On arrival at the venue where the new city hall of Dawei will be opened, Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing, accompanied by his wife Daw Kyu Kyu Hla, Secretary of the Commission and Joint Executive Chief General Ye Win Oo and his wife, Union ministers and senior military officers from the Office of the Commander-in-Chief, was warmly welcomed by the Chief Minister of Tanintharyi Region, the commander of Coastal Region Command, officials, town elders, departmental officials, students and residents.



Senior General Min Aung Hlaing sprinkles scented water on the plaque of Town Hall.

**Opening ceremony of Dawei City Hall**

On the agenda, Joint Executive Chief General Ye Win Oo, Union Minister for Agriculture, Livestock and Irrigation U Min Naung, Union Minister for Science and Technology Dr Myo Thein Kyaw, Tanintharyi Region Chief Minister U Myat Ko, and Commander of the Coastal Region Command Maj-Gen Kyaw Kyaw Han cut the ribbon to open the city hall.

The Acting President and SSPC Chairman of the Republic of the Union of Myanmar pressed the button to unveil the new city hall building of Dawei. The Acting President and SSPC Chairman of the Republic of the Union of Myanmar and party sprayed the building.

In the city hall, the awarding for outstanding student took place as the second section of the ceremony. The Chief Minister of the region reported on measures of the new city hall building.

The Senior General on his inspection tour of Dawei in 2022 allowed construction of the city hall, necessary for Dawei. The Dawei City Hall was built starting from 2023-2024 financial year, and it is a one and a half storey RCC building with 40,364 square feet of area.

**Awarding outstanding students**

In his speech which emphasized the education sector and the purpose of awarding the outstanding students, the Senior General said that for a nation's development and stability, every citizen must be equipped with knowledge, skills, and critical thinking. This is especially important for a country, which is in the process of transitioning to a democratic system. All ethnic nationalities must be able to think critically, distinguish right from wrong, and contribute to the well-being of the nation and the people. To achieve this, education for all citizens is essential. Therefore, the government has adopted the motto: **"Let us ensure education sector for the development of the Nation."**

The State presents handsome prizes to outstanding youths and those who outstandingly passed the matriculation examinations yearly while enhancing the education sector. This year, Ma Myat Yadana Thin will be honoured for her outstanding performance in the matriculation exam this year with distinctions in all subjects.

Looking at the matriculation examination pass rates in Taninthayi Region since 2021: in 2021, the pass rate was 45.95 percent; in the 2022–23 academic year, it rose to 68.03 percent; in 2023–24, it stood at 48.38 percent. For the 2024–25 academic year, the pass rate reached 50.58 percent, showing an improvement compared with the previous year.

In the exam, a total of 23 students secured six distinctions four years. There were 62 students with five distinctions, 110 students with four distinctions, 164 students with three distinctions, 420 students with two distinctions and 1,663 students with one distinction. During the period, one student stood first in the entire nation in the arts and science combination at the matriculation exam. Such progress in the education sector is

See Page - 20 ●●

# တရုတ်တပ်မတော်ရဲ့ ရေပြင်၊ ဝေဟင် စိုးမိုးနိုင်စွမ်းကိုမြှင့်တင်ပေးမယ့် ခေတ်မီဆန်းပြား စွမ်းဆောင်ရည်မြင့်လက်နက်များ - (၂)

ပြီးခဲ့တဲ့အပိုင်း(၁) မှာတုန်းက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ ရေပြင်၊ ဝေဟင်စိုးမိုးနိုင်စွမ်းကို မြှင့်တင်ပေးမယ့် စွမ်းဆောင်ရည်မြင့်လက်နက်များထဲကမှ ရေပြင်ကိုစိုးမိုးနိုင်စေမယ့် လက်နက်များကို အဓိကထားတင်ပြခဲ့ပြီးပါပြီ။ အခုအပိုင်း(၂) မှာကျတော့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ ဝေဟင်လွှမ်းမိုးနိုင်စွမ်းကိုမြှင့်တင်ပေးနိုင်မယ့် စစ်လက်နက်ပစ္စည်းများအကြောင်းကို အဓိကထားတင်ပြပေးသွားပါမယ်။

တရုတ်နိုင်ငံက တိုတောင်းလှတဲ့အချိန်အတွင်းမှာ လေယာဉ်တင်သင်္ဘောများကို ရေချအသုံးပြုနိုင်ခဲ့တဲ့ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခုပါ။ လေယာဉ်တင်သင်္ဘောများဆိုတာ ရွေ့လျားနေတဲ့ တိုက်ခိုက်ရေးအုပ်ကြီးတစ်ခုပါပဲ။ သူ့အတွက်အဓိကကျတဲ့ တိုက်ခိုက်ရေးအင်အားက လေယာဉ်တင်သင်္ဘောအခြေပြု စစ်လေယာဉ်အမျိုးမျိုးဖြစ်ပါတယ်။ အဲဒီစစ်လေယာဉ်တွေကို အသုံးမပြုနိုင်ဘူးဆိုရင် လေယာဉ်တင်သင်္ဘောများကလည်း စွမ်းဆောင်ရည်မဲ့သွားမှာပါ။ ဒါကြောင့် အခုတစ်ခေါက် စစ်ရေးပြအခမ်းအနားမှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က လေယာဉ်တင်သင်္ဘောအခြေပြုပြီး စစ်ဆင်ရေးများဆောင်ရွက်နိုင်တဲ့ လေယာဉ်အများအပြားကို ထုတ်ဖော်ပြသခဲ့တာတွေ့ရပါတယ်။

## ရေတပ်သုံးလေယာဉ်များ

စစ်ရေးပြအခမ်းအနားမှာ လေယာဉ်တင်သင်္ဘောအခြေပြုလေယာဉ်များစွာက V ပုံစံအုပ်ဖွဲ့ပျံသန်းမှုနှစ်ခုနဲ့ ပါဝင်ပြသခဲ့တာပါ။ အဓိကအားဖြင့် ပါဝင်တဲ့လေယာဉ်များက J-15DH၊ J-15DT၊ J-35၊ J-15T၊ KJ-600 လေယာဉ်များဖြစ်ပါတယ်။ အဲဒီလေယာဉ်များကို ထုတ်ဖော်ပြသနိုင်ခြင်းဟာ တရုတ်လေယာဉ်တင်သင်္ဘောများအနေနဲ့ သမားရိုးကျ လျှောစောင်းပုံစံလေယာဉ်ပျံတက်မှုပုံစံကနေ လျှပ်စစ်သံလိုက်စနစ်သုံး လေယာဉ်လွှတ်တင်မှုစနစ်ဆီ လျင်မြန်စွာကူးပြောင်းရောက်ရှိလာနိုင်တယ်ဆိုတာကို ဖော်ပြလိုက်နိုင်ခြင်းလည်းဖြစ်ပါတယ်။

ဒီလိုလေယာဉ်တွေထဲကမှ J-15DH လေယာဉ်ဆိုတာ ထိုင်ခုံနှစ်လုံးတပ်ထားတဲ့ အီလက်ထရွန်နစ်စစ်ဆင်ရေးလေယာဉ်အမျိုးအစားဖြစ်ပါတယ်။ အီလက်ထရွန်နစ်စစ်ဆင်ရေးလေယာဉ်ဖြစ်တာနဲ့အညီ သူ့မှာ ရန်သူ့ရေဒါများနဲ့ ဆက်သွယ်ရေးစနစ်များကို အသုံးမပြုနိုင်အောင်လုပ်ပေးမယ့် အီလက်ထရွန်နစ်စနစ်များတပ်ဆင်ထားပါတယ်။ J-15DT ဆိုတာကလည်း J-15D ကိုအဆင့်မြှင့်တင်ထားတဲ့ အီလက်ထရွန်နစ်စစ်ဆင်ရေးလေယာဉ်တစ်မျိုးဖြစ်ပါတယ်။ အဓိကအားဖြင့် လေယာဉ်တင်သင်္ဘောမှာ လျှပ်စစ်သံလိုက်စနစ်သုံး လေယာဉ်လွှတ်တင်မှုစနစ်နဲ့ လိုက်လျောညီထွေဖြစ်အောင် အဆင့်မြှင့်တင်ထားတာဖြစ်ပါတယ်။



စစ်ရေးပြအခမ်းအနားတွင် ထုတ်ဖော်ပြသခဲ့သည့် J-35 တိုက်ခိုက်ရေးလေယာဉ်

တိုက်ခိုက်ရေးအတွက်အဓိကအသုံးပြုတဲ့တိုက်လေယာဉ်က J-35 ဖြစ်ပါတယ်။ J-35 ဆိုတာ ထိုင်ခုံတစ်လုံးပါ အင်ဂျင်နှစ်လုံးတပ် ဘက်စုံသုံးတိုက်ခိုက်ရေးလေယာဉ်ကြီးဖြစ်ပါတယ်။ သူ့ကိုအဓိကအားဖြင့် ရာသီမရွေးအသုံးပြုနိုင်စေဖို့နဲ့ ကိုယ်ပျောက်စွမ်းဆောင်ရည်များဖြင့် စစ်ဆင်ရေးတာဝန်များကို ထမ်းရွက်သွားနိုင်စေဖို့အတွက် ဒီဇိုင်းရေးဆွဲထားတာပါ။ လက်နက်စနစ်အနေနဲ့ သူ့ရဲ့စွမ်းဆောင်ရည်ကိုအမြင့်ဆုံးအထိရောက်ရှိနိုင်စေမယ့် အမျိုးမျိုးသောအဆင့်မြင့်လက်နက်များစွာကိုသယ်ဆောင်နိုင်ပါတယ်။ အဓိကသယ်ဆောင်နိုင်တဲ့လက်နက်များက PL-10၊ PL-15 နဲ့ PL-21 တို့ဖြစ်ပါတယ်။ အဲဒီလက်နက်များက စီးချင်းထိုးတိုက်ခိုက်ခြင်း၊ တာဝေးပစ်တိုက်ခိုက်ခြင်းတို့မှာ အကောင်းဆုံးထိရောက်မှုကိုပေးစွမ်းနိုင်မယ့်လက်နက်များဖြစ်ပါတယ်။

နောက်ထပ်တိုက်ခိုက်ရေးလေယာဉ်တစ်မျိုးက J-15T ဖြစ်ပါတယ်။ သူက J-15 ကိုအဆင့်မြှင့်ထားတဲ့ လေယာဉ်ဖြစ်ပြီး လေကြောင်းအီလက်ထရွန်နစ်နည်းပညာပိုင်းမှာ အဆင့်မြှင့်တင်မှုများလုပ်ဆောင်ထားတာပါ။ အသုံးပြုထားတဲ့အင်ဂျင်များက WS-10 အင်ဂျင်ဖြစ်ပြီး AESA ရေဒါလည်းပါဝင်ပါတယ်။ သူ့ကိုတင်ဆောင်မယ့်လေယာဉ်တင်သင်္ဘောက အခုနောက်ဆုံးထုတ်လုပ်ထားတဲ့ Type 003 Fujian ဖြစ်ပါတယ်။ သူသည်လည်း ဘက်စုံသုံးတိုက်လေယာဉ်အမျိုးအစားဖြစ်ပြီး လျှပ်စစ်သံလိုက်စနစ်သုံးလေယာဉ်လွှတ်တင်စနစ်နဲ့ လိုက်လျောညီထွေမှုရှိစေဖို့ အဆင့်မြှင့်တင်ဖန်တီးထားတာဖြစ်ပါတယ်။ J-15T လေယာဉ်က တရုတ်တပ်မတော်ရဲ့ ရေတပ်ဆိုင်ရာလေတပ်စွမ်းရည်ကို အကောင်းဆုံးမြှင့်တင်ပေးနိုင်မယ့် လေယာဉ်တစ်စင်းဖြစ်တယ်လို့ပင်ဆိုနိုင်ပါတယ်။

ခေတ်သစ်စစ်ပွဲများမှာ ဝေဟင်ကိုစိုးမိုးနိုင်ဖို့အတွက် အရေးအပါဆုံးဖြစ်လာတဲ့ လေယာဉ်တစ်မျိုးက လေကြောင်းကြိုတင်သတိပေးရေးလေယာဉ်ဖြစ်ပါတယ်။ လေကြောင်းကြိုတင်သတိပေးရေးလေယာဉ်များမှာ တိုက်ပွဲတစ်ပွဲအောင်မြင်ခြင်း၊ ကျရှုံးခြင်းကို အဆုံးအဖြတ်ပေးနိုင်စွမ်းရှိတဲ့ ကွပ်ကဲမှုဌာနချုပ်များလည်းဖြစ်ကြပါတယ်။ အခုစစ်ရေးပြအခမ်းအနားမှာ ထုတ်ဖော်ပြသခဲ့တဲ့ လေကြောင်းကြိုတင်သတိပေးရေးလေယာဉ်အမျိုးအစားက KJ-600 ဖြစ်ပါတယ်။ သူ့ကို Fujian လေယာဉ်တင်သင်္ဘောမှာ အသုံးပြုဖို့အတွက် ဖန်တီးထားတာပါ။ လေယာဉ်တင်သင်္ဘောမှာအသုံးပြုဖို့ထုတ်လုပ်ထားတဲ့အတွက် သူသည်လည်း အီလက်ထရွန်နစ်သံလိုက်စနစ်သုံး လေယာဉ်လွှတ်တင်စနစ်နဲ့လိုက်လျောညီထွေဖြစ်အောင် ဖန်တီးထားတာဖြစ်ပါတယ်။ သူ့မှာပါဝင်တဲ့ AESA ရေဒါကို လေယာဉ်ကိုယ်ထည်ပေါ်မှာတင်ထားတာဖြစ်ပြီး သူကနေမှတစ်ဆင့် ၃၆၀ ဒီဂရီပတ်ပတ်လည်မှာဖြစ်ပေါ်နေတဲ့အခြေအနေများကိုသာမက ကိုယ်ပျောက်တိုက်လေယာဉ်များကိုလည်း ကီလိုမီတာ ၃၂၀ အကွာကတည်းက ထောက်လှမ်းနိုင်စွမ်းရှိတဲ့အပြင် ပစ်မှတ်ပေါင်း ၂၀၀ ကို တစ်ချိန်တည်းမှာ ခြေရာခံလိုက်နိုင်စွမ်းလည်းရှိပါတယ်။ သူ့မှာ လေယာဉ်မှူးနဲ့ တွဲဖက်လေယာဉ်မှူးတို့အပါအဝင် လေယာဉ်အမှုထမ်း ငါးဦးမှခြောက်ဦးအထိလိုက်ပါနိုင်ပါတယ်။



စစ်ရေးပြအခမ်းအနားတွင် ထုတ်ဖော်ပြသခဲ့သည့် KJ-600 လေကြောင်းကြိုတင်သတိပေးရေးလေယာဉ်

## လေတပ်သုံးလေယာဉ်များ

လေကြောင်းကဏ္ဍမှာ ရေတပ်သုံးလေယာဉ်များအပြင် လေတပ်သုံးလေယာဉ်ကြီးများလည်းပါဝင်ပါတယ်။ အမျိုးအစားအားဖြင့် တိုက်ခိုက်ရေးလေယာဉ်၊ ကြိုတင်သတိပေးရေးနဲ့ ထောက်ပံ့ရေးလေယာဉ်၊ ရဟတ်ယာဉ်များဖြစ်ပါတယ်။ တိုက်ခိုက်ရေးလေယာဉ်များထဲမှာ J-20A၊ J-20S၊ J-35A၊ J-16 နဲ့ JL-10 တို့ပါဝင်ပါတယ်။

J-20 ဆိုတာ တရုတ်နိုင်ငံရဲ့ ပဥ္စမမျိုးဆက်ကိုယ်ပျောက်တိုက်လေယာဉ်အမျိုးအစားဖြစ်ပြီး အဓိကအားဖြင့် မျိုးကွဲနှစ်မျိုးကိုထုတ်လုပ်ထားပါတယ်။ J-20A နဲ့ J-20S ပါ။ ပထမတစ်မျိုးက အဆင့်မြှင့်ထားတဲ့ ထိုင်ခုံတစ်လုံးတပ်အမျိုးအစားဖြစ်ပြီး ဒုတိယတစ်မျိုးကတော့ ကမ္ဘာ့ပထမဆုံးအဖြစ် ထိုင်ခုံနှစ်လုံးပါတဲ့ ကိုယ်ပျောက်တိုက်ခိုက်ရေးလေယာဉ်ဖြစ်ပါတယ်။ J-35A ဆိုတာ လေယာဉ်တင်သင်္ဘောအခြေပြုမဟုတ်တဲ့ မြေပြင်အခြေပြုတိုက်လေယာဉ်ဖြစ်ပါတယ်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(လေတပ်)က အသုံးပြုနေတာပါ။ J-16 ဆိုတာက အထူးလေယာဉ်များအတွက် အစောင့်လိုက်လေယာဉ်ဖြစ်ပြီး JL-10 ကတော့ အဆင့်မြင့်အမောင်းသင်လေယာဉ်ဖြစ်ပါတယ်။

လေကြောင်းကြိုတင်သတိပေးရေးလေယာဉ်ထဲမှာ အရှေ့ပိုင်းမှာတင်ပြခဲ့တဲ့ KJ-600 အပြင် KJ-500A လည်းပါဝင်ပါတယ်။ သူဟာတခြားလေကြောင်းကြိုတင်သတိပေးရေးလေယာဉ်များလိုမျိုးစွမ်းရည်ရှိတဲ့အပြင် ထူးခြားတဲ့စွမ်းရည်တစ်ခုက ဝေဟင်ဆီဖြည့်ခြင်းကိုလုပ်ဆောင်နိုင်ခြင်းဖြစ်တဲ့အတွက် ဝေဟင်ထက်မှာအချိန်ကြာမြင့်စွာ စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။

ထောက်ပံ့ရေးလေယာဉ်အမျိုးအစားမှာတော့ အဓိကအားဖြင့် Y-20 ကိုထုတ်ဖော်ပြသသွားပါတယ်။ Y-20A နဲ့ Y-20B ဆိုပြီး မျိုးကွဲနှစ်မျိုးရှိပါတယ်။ သူတို့က အဆင့်မြှင့်တင်ထားတဲ့အင်ဂျင်များကိုတပ်ဆင်ထားတာကြောင့် တာဝေးပျံသန်းမှုကိုဆောင်ရွက်နိုင်ပါတယ်။ YY-20A ဆိုတဲ့မျိုးကွဲလေယာဉ်က ဝေဟင်ဆီဖြည့်လေယာဉ်ဖြစ်ပြီး လေယာဉ်ဆီတန်ချိန် ၇၅ တန်အထိကို သယ်ဆောင်ကာ ဝေဟင်ဆီဖြည့်တင်းခြင်းလုပ်ငန်းများကိုလုပ်ဆောင်နိုင်တယ်လို့ဆိုပေမယ့် တချို့အချက်အလက်တွေအရဆိုရင် လေယာဉ်ဆီတန်ချိန် ၉၀ အထိကိုတင်ဆောင်နိုင်တယ်လို့သတ်မှတ်ထားတာတွေ့ရပါတယ်။

Ref: Xinhua, DS

မင်းခန့်ဖေ၊ ကိုထက်

# ကီရာလာပြည်နယ်၌ ဦးနှောက်စား ရောဂါပိုးကူးစက်မှုက ပြည်သူ့ကျန်းမာရေး စိန်ခေါ်မှုဖြစ်လာ

**မွမ်ဘိုင်း၊ ကျန်းမာရေး**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်၌ ဖြစ်ပွားမှုရှားပါးသော်လည်း သေဆုံးမှုနှုန်းများပြားသည့် ဦးနှောက်စား အမီးဘားရောဂါပိုးကူးစက်မှုမြင့်တက်လာနေကြောင်းနှင့် ထိုအခြေအနေသည် ပြည်သူ့ကျန်းမာရေးစိန်ခေါ်မှုတစ်ခုဖြစ်လာကြောင်း ပြည်နယ်ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာလ ၁၈ ရက်တွင် ထုတ်ပြန်ထားသည်။

ယခုနှစ်အတွင်း အမီးဘားရောဂါပိုးကူးစက်ခံရသူ ၆၉ ဦးရှိကြောင်း၊ ၎င်းတို့အနက် သေဆုံးသူ ၁၉ ဦးရှိကြောင်း၊ သေဆုံးသူများမှာလည်း ဦးနှောက်ရောင်ရမ်းသည့်ပုံစံဖြင့် သေဆုံးခြင်းဖြစ်ကြောင်း၊ သေဆုံးသူများအနက် သုံးဦးမှာ ပြီးခဲ့သည့်လတွင် သေဆုံးခြင်းဖြစ်ပြီး အသက်သုံးလရှိ မွေးကင်းစကလေးငယ်တစ်ဦးပါဝင်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရေချိုကန်များနှင့် မြစ်များတွင်တွေ့ရလေ့ရှိသည့် အမီးဘားရောဂါပိုးကူးစက်ခံရသူအရေအတွက်သည် ၂၀၂၄ ခုနှစ်တွင် ၃၆ ဦးနှင့်သေဆုံးသူ ကိုးဦးသာရှိသော်လည်း ယခုနှစ်တွင် ရောဂါပိုးကူးစက်ခံရသူနှင့် သေဆုံးသူမြင့်တက်လာခြင်းဖြစ်သည်။

Ref: ST

# ဂါဇာမြို့တွင်းသို့ အစ္စရေးတင့်များဝင်ရောက် တိုက်ခိုက်မှုများပြင်းထန်လာပြီး ဆက်သွယ်ရေးများပြတ်တောက်နေ



**ဂါဇာ၊ စက်ရေး**

ဂါဇာမြို့တွင်းသို့ အစ္စရေးစစ်ဘက်မှ တင့်များဝင်ရောက်လာပြီးနောက် တိုက်ခိုက်မှုများပြင်းထန်လာကာ အင်တာနက်လိုင်းများနှင့် ဖုန်းလိုင်းများအပါအဝင် ဆက်သွယ်ရေးလိုင်းများပြတ်တောက်လျက်ရှိကြောင်း တာဝန်ရှိသူများနှင့်ဒေသခံများက စက်တင်ဘာလ ၁၈ ရက်တွင်ပြောသည်။

အစ္စရေး၏တင့်များသည် ဂါဇာမြို့လယ်ကောင်သို့ ဝင်ပေါက်နှစ်ခုဖြစ်သောနေရာများသို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ လက်ရှိတွင်အစ္စရေးတပ်ဖွဲ့များသည် ဂါဇာမြို့၏ အရှေ့ပိုင်းရှိ ဆင်ခြေဖုံးနေရာများကိုထိန်းချုပ်ထားကြောင်း၊ ထိုနေရာများကိုခြေကုပ်ယူ၍ မြို့တွင်းသို့ထိုးစစ်ဆင်တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်လာခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေး၏ တိုက်ခိုက်မှုများ၊ ပစ်ခတ်မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ သေဆုံးသူ ၇၉ ဦးရှိကြောင်းနှင့် သေဆုံးသူအများစုမှာ ဂါဇာမြို့မှဖြစ်ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာလ ၁၈ ရက်မွန်းလွဲပိုင်းတွင်ထုတ်ပြန်ထားသည်။

အစ္စရေးစစ်သည်များသည် ဂါဇာမြို့၌ စစ်ဆင်ရေးများကို တိုးမြှင့်လုပ်ဆောင်နေကြောင်း၊ အကြမ်းဖက်အခြေခံအဆောက်အဦများကိုဖျက်ဆီးပြီး အကြမ်းဖက်သမားများကို အမြစ်ပြတ်ချေမှုန်းနေကြောင်းနှင့် ဟားမက်အဖွဲ့အပေါ် တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်ပြီး အဖမ်းခံထားရသည့် အစ္စရေးဓားစာခံများကိုကယ်တင်သွားမည်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်က အစောပိုင်းတွင်ထုတ်ပြန်ထားသည်။

အစ္စရေးအစိုးရက ဂါဇာမြို့ကိုထိန်းချုပ်နိုင်ရေးအတွက် ထိုးစစ်ဆင်တိုက်ခိုက်မှုများလုပ်ဆောင်မည်ဟု ထုတ်ပြန်ကြေညာလိုက်သော ဩဂုတ်လ ၁၀ ရက်မှစ၍ သိန်းနှင့်ချီသော ပါလက်စတိုင်းပြည်သူများမှာ ဂါဇာမြို့ကိုစွန့်ခွာထွက်ပြေးနေရကြောင်း သိရသည်။

Ref: BP

# ဈူကလီးယားမရှိ ဘက်မလိုက်သည့် နိုင်ငံအဖြစ်ကသာ ယူကရိန်းအတွက် အာမခံချက်များဖြစ်

**မော်စကို၊ လုံခြုံရေး**

ယူကရိန်းနိုင်ငံအနေဖြင့် ဈူကလီးယားလက်နက်ကိုမပိုင်ဆိုင်ဘဲ ဘက်လိုက်မှုမရှိသည့်နိုင်ငံအဖြစ်ကသာ ထိုနိုင်ငံအတွက် စစ်မှန်သည့် လုံခြုံရေးအာမခံချက်များဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက စက်တင်ဘာလ ၁၈ ရက်တွင်ပြောသည်။

"ယူကရိန်းနိုင်ငံအတွက် စစ်မှန်တဲ့လုံခြုံရေးအာမခံချက်များဆိုတာက သူတို့နိုင်ငံရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနဲ့ နိုင်ငံတော်ဖြစ်တည်မှုတို့ကို သတ်မှတ်ပေးထားတဲ့ ဈူကလီးယားလက်နက်မပိုင်ဆိုင်ရေး၊ ကြားနေရေးနဲ့ ဘက်မလိုက်ရေးတို့ပဲဖြစ်ပါတယ်" ဟု မာရီယာဇာခါရိုဗာက သတင်းထောက်များကိုပြောသည်။

ယူကရိန်းနိုင်ငံအတွက်ပေးသည့် လုံခြုံရေးအာမခံချက်များသည် ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းနှင့် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ မှတ်တမ်းမှတ်ရာများတွင်ဖော်ပြထားသော အနောက်အုပ်စု၏ ကတိပြုမှုများနှင့်အညီဖြစ်သင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်ကပြောပြီးနောက် ဇာခါရိုဗာက ယခုကဲ့သို့ ထုတ်ဖော်ပြောဆိုလာခြင်းဖြစ်ကြောင်းသိရသည်။

Ref: Sputnik


# အမေရိကန်သမ္မတနှင့် ဗြိတိန်ဝန်ကြီးချုပ်တို့က နှစ်နိုင်ငံကြား နည်းပညာပူးပေါင်းဆောင်ရွက်မှုအတွက် သဘောတူစာချုပ်ချုပ်ဆို

**လန်ဒန်၊ ချစ်ကြည်ရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဗြိတိန်ဝန်ကြီးချုပ် ကီယာစတားမာတို့က နှစ်နိုင်ငံကြား နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအတွက် သဘောတူစာချုပ်ကိုချုပ်ဆိုလိုက်ကြောင်းနှင့် ယင်းစာချုပ်သည် နှစ်နိုင်ငံကြား မချိုးဖျက်နိုင်သောအနှောင်အဖွဲ့ဖြစ်သည်ဟု အမေရိကန်သမ္မတကပြောကြောင်း သိရသည်။

ထရမ့်သည် ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေခြင်းဖြစ်ပြီး ဒုတိယနေ့ဖြစ်သည့် စက်တင်ဘာလ ၁၈ ရက်တွင် အဆိုပါသဘောတူစာချုပ်ကို ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

ယခုချုပ်ဆိုလိုက်သည့် စာချုပ်သည် ဉာဏ်ရည်တုနည်းပညာ၊ ကွမ်တမ်နည်းပညာနှင့် ဈူကလီးယားစွမ်းအင်တို့တွင် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ပေးနိုင်မည့်စာချုပ်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။




အမေရိကန်နိုင်ငံမှ နည်းပညာကုမ္ပဏီများဖြစ်သည့် မိုက်ခရိုဆော့၊ ဂူဂဲနှင့် ဘလက်စတုန်းတို့အပါအဝင် ကုမ္ပဏီများစွာက ဗြိတိန်နိုင်ငံ၌ စတာလင်ပေါင်ဘီလီယံ ၁၅၀ တန်ဖိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုကိုလုပ်သွားမည်ဖြစ်ကြောင်း ကတိပြုပြီးနောက် ယခုကဲ့သို့ နှစ်နိုင်ငံကြား နည်းပညာပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကိုချုပ်ဆိုခြင်းဖြစ်သည်။

ထို့ပြင် အမေရိကန်သမ္မတနှင့် ဗြိတိန်ဝန်ကြီးချုပ်တို့သည် ယူကရိန်းအရေးနှင့် ဂါဇာအရေးတို့အပါအဝင် အခြားလုံခြုံရေးဆိုင်ရာအခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးမှုများလုပ်ဆောင်သည်။ ထရမ့်သည် စတားမာနှင့်မတွေ့ဆုံခင် ဗြိတိန်ဘုရင်နှင့်တွေ့ဆုံခဲ့ပြီး ဗြိတိန်ဘုရင်က ထရမ့်၏ ငြိမ်းချမ်းရေးအတွက်ကြိုးပမ်းဆောင်ရွက်မှုများကို ချီးကျူးစကားဆိုကြောင်းသိရသည်။

Ref: AGC

# အမေရိကန်က သွင်းကုန်အခွန်များကို လျှော့ချပေးနိုင်ဖွယ်ရှိဟု အိန္ဒိယပြော



**မွမ်ဘိုင်း၊ စီးပွားရေး**

အမေရိကန်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံအပေါ်ချမှတ်ထားသော သွင်းကုန်အခွန်များကို လျှော့ချပေးလာနိုင်ဖွယ်ရှိကြောင်း အိန္ဒိယစီးပွားရေးအကြံပေးအဖွဲ့၏ ခေါင်းဆောင်က စက်တင်ဘာလ ၁၈ ရက်တွင် ပြောသည်။

အမေရိကန်နိုင်ငံသည် လက်ရှိအိန္ဒိယနိုင်ငံအပေါ်ချမှတ်ထားသော သွင်းကုန်အခွန် ၂၅ ရာခိုင်နှုန်းကို ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအတွင်း လျှော့ပေးနိုင်ဖွယ်ရှိကြောင်း၊ ထိုအခြေအနေသည် လာမည့်နှစ်လအတွင်း ဖြစ်နိုင်ခြေရှိကြောင်း စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင်က ကိုးကတ္တားမြို့၌ပြုလုပ်သည့်ပွဲတစ်ခုတွင် ပြောခြင်းဖြစ်သည်။

စက်တင်ဘာလ ၁၆ ရက်တွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့ကြား တယ်လီဖုန်းဆက်ဆွေးနွေးပြီးနောက် ယခုကဲ့သို့ ပြောဆိုမှုထွက်ပေါ်လာခြင်းဖြစ်သည်။

Ref: ST

# စတုတ္ထအကြိမ်မြောက် သဘင်သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ်မြောက် သဘင်သက်ကြီးပူဇော်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ဘူတာရုံလမ်းရှိ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) မင်းဓမ္မယာယီရုံးသစ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သဘင်အစည်းအရုံးအဖွဲ့ဝင်များ၊ ကန်တော့ခံ သက်ကြီးသဘင်ပညာရှင် အဘိုးအဘွားများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကိုယ်စား အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းတို့က မှဒိတာစကား ပြောကြားကြသည်။

ထို့နောက်အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်ကြရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အလှူငွေကျပ်သိန်း ၃၀၊ MRTV DTH အစုံ ၂၀နှင့် Set top Box အလုံး ၁၀၀ တို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အလှူငွေကျပ်သိန်း ၂၅၀ နှင့် ဆန်အိတ် ၅၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးဖိုးချစ်က ယခုကဲ့သို့ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)အတွက် မြေနေရာခွင့်ပြုပေးခဲ့သည့် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများအားလုံးကိုကျေးဇူးတင်ရှိကြောင်း၊ ယခင်က ရန်ကုန်မြို့တွင် မိမိတို့အစည်းအရုံးအနေဖြင့် ရုံးခန်းငှားရမ်း၍ ဖွင့်လှစ်လျက်ရှိရာမှ ယခုအချိန်တွင် အစည်းအရုံးပိုင်မြေနေရာနှင့် ရုံးခန်းများတည်ရှိလာပြီဖြစ်ကြောင်း၊ ယခုမြေနေရာကိုအသုံးပြု၍သဘင်လောကသားများနှင့် သဘင်ပညာရပ်များတိုးတက်ဖွံ့ဖြိုးရန် ကြံဆောင်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ တက်ရောက်ကြသူများက သဘင်သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး ဂါရဝလက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ ဇာတ်သဘင်ပညာရပ်ဆိုင်ရာ ထိန်းသိမ်းမြှင့်တင်ရေး၊ ဆိုင်းပညာရပ်ဆိုင်ရာ ထိန်းသိမ်းမြှင့်တင်ရေး၊ ရုပ်သေးပညာရပ်ဆိုင်ရာ ထိန်းသိမ်းမြှင့်တင်ရေး၊ နတ်ဒေဝါထိန်းသိမ်းမြှင့်တင်ရေး၊ ရာမယဏပညာရပ်ထိန်းသိမ်းမြှင့်တင်ရေး၊ ဆပ်ကပ်မျက်လှည့်ပညာရပ်များ ထိန်းသိမ်းမြှင့်တင်ရေး၊ အငြိမ့်ပညာရပ်ဆိုင်ရာ ထိန်းသိမ်းမြှင့်တင်ရေး စသည့်ကော်မတီအသီးသီးမှ မျိုးဆက်သစ်သဘင်အနုပညာရှင်များနှင့် သဘင်ပညာရပ်ဆိုင်ရာ ပညာရှင်ကြီးများက တေးသီချင်း၊ ဆိုင်း၊ အက၊ မြေဝိုင်း ဇာတ်သဘင်၊ ဆပ်ကပ်၊ မျက်လှည့်တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှု ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ သစ်တောပျိုးဥယျာဉ်များသို့ သွားရောက်၍ သစ်မျိုးအလိုက် ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နှစ်စဉ် ၂ ပေ အထက်ပျိုးပင်များ စဉ်ဆက်မပြတ်ရရှိရန်၊ ဒေသနှင့်ကိုက်ညီသော သစ်မျိုးများ ပျိုးထောင်ထားရှိရန်နှင့် မျိုးကောင်းမျိုးသန့်သစ်စေ့များ ရယူစုဆောင်း၍ ပျိုးထောင်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် မင်းဘူးမြို့ မြို့တော်ခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက သစ်တောစိုက်ခင်းများတည်ထောင်ရေး၊ ကားလမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေး၊ အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေး၊ သဘာဝတောများကာကွယ်ရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် မင်းဘူးမြို့ရှိ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုဂ္ဂလိကသစ်ဆိုင်၊ သစ်စက်များသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ကုန်ကြမ်းများရရှိရေး၊ လုပ်ငန်းစဉ်များအဆင်ပြေချောမွေ့မှုရှိစေရေးအတွက်လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးပြီး မင်းဘူးမြို့ရှိ ဝန်ကြီးဌာနအောက်မှရုံးများသို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မင်းဘူးမြို့နယ် မင်းဘူး-အမ်း ကားလမ်းဘေးရှိအပူပိုင်း ၁၃ ခရိုင်စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၅ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့် သစ်မျိုးစုံ ၁၀၀၀ ရှင်သန်အောင်မြင်မှု၊ မင်းဘူးမြို့နယ် တဲကုန်းကျေးရွာအနီးရှိ ကျေးရွာသုံးထင်းစိုက်ခင်းဧက ၃၀ နှင့် ဒဟက်၊ မဲဇလီ အထူးစိမ်း တစ်အုပ်တစ်မစိုက်ခင်း ဧက ၁၅၀၀ အောင်မြင်ဖြစ်ထွန်းနေမှု၊ ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုသစ်ပင်စိုက်ပွဲမှ အပင်များ၏ရှင်သန်အောင်မြင်မှု၊ ဆင်ခေါင်း-ဇီးအိုင်ကြိုးပြင်ကာကွယ်တောအတွင်းရှိ ကျေးရွာထင်းစိုက်ခင်းဧက ၂၀ နှင့် ကျေးရွာထင်းစိုက်ခင်းဧက ၃၀ ရှင်သန်အောင်မြင်မှု၊ ပုဂံကြီးဝိုင်းအတွင်းရှိကျေးရွာထင်းစိုက်ခင်းဧက ၅၀ ရှင်သန်အောင်မြင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့နယ် ရွာသာယာကျေးရွာရှိ မြန်မာမြေစွမ်းအားမြှင့် အေဝမ်းမီးဖိုထုတ်လုပ်ရေးလုပ်ငန်းသို့ သွားရောက်၍ စွမ်းအားမြှင့်မီးဖိုထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာ့လိပ်ပြာမျိုးစိတ် ၂၀၀ ကျပ်တန် (၁၁) လုံးပါ အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးရောင်းချပေးမည်

မြန်မာ့လိပ်ပြာမျိုးစိတ် (၁၁)မျိုး




နေပြည်တော် စက်တင်ဘာ ၁၈

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှထုတ်ဝေခဲ့ပြီးသော မြန်မာနိုင်ငံ၌တွေ့ရှိရသည့် လိပ်ပြာမျိုးစိတ်(၁၁)မျိုး တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များ တစုတစည်းတည်း စုဆောင်းနိုင်ကြရန် ရည်ရွယ်၍ **မြန်မာ့လိပ်ပြာမျိုးစိတ် ၂၀၀ ကျပ်တန် (၁၁) လုံးပါ Block of Stamp အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက် (စနေနေ့) နံနက် ၉ နာရီခွဲ** မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၀ ရက် (စနေနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆°c | / | ၃၄°c |
| ရန်ကုန် | ၂၅°c | / | ၃၂°c |
| မန္တလေး | ၂၆°c | / | ၃၄°c |

**၁၈-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ (၃)

မဲဆန္ဒရှင်တစ်ဦး

ရွေးကောက်ပွဲများတွင် ဥပဒေနှင့်အညီ မဲပေးခွင့်နှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် အခွင့်အရေးဖြစ်သလို ဒီမိုကရေစီအခြေခံ အခွင့်အရေးလည်းဖြစ်သည်။ ဤအခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ (က)၊ ပုဒ်မ ၃၆၉ (က)နှင့် ပုဒ်မ ၃၉၅ တို့တွင် ပြဋ္ဌာန်းပေးထားသည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၂၈-၁၂-၂၀၂၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲတွင် လွှတ်တော်မဲဆန္ဒနယ်အလိုက် နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဤဆောင်းပါးတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းဆိုင်ရာ သိသင့်သိထိုက်သည်များကို ရေးသားတင်ပြသွားမည်ဖြစ်သည်။

**စနစ်သစ်နှင့်ရွေးကောက်ပွဲ**

ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ပြည်သူ့လွှတ်တော်အတွက် ယခင်အတိုင်း FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် FPTP စနစ် နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့် MMP စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ MMP စနစ်ဆိုသည်မှာ ရောနှောထားသည့် စနစ်များအုပ်စုတွင်ပါဝင်သည့် ရွေးကောက်ပွဲစနစ်တစ်မျိုးဖြစ်သည်။ မတူညီသော ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ကျင့်သုံးခြင်းဖြစ်သည်။ သာမန်အားဖြင့် ဗဟုအများစုကိုယ်စားပြုစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သည်။ အဓိကအားဖြင့် FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ပြီး မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်ခွဲခြား၍ ကျင့်သုံးခြင်းဖြစ်သည်။ ရွေးကောက်ပွဲစနစ်နှစ်မျိုး ပေါင်းစပ်ကျင့်သုံးမည် ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း လုပ်ငန်းစဉ်လည်း အနည်းငယ်ကွဲပြားသွားမည်ဖြစ်သည်။

**လွှတ်တော်ကိုယ်စားလှယ်လောင်းအရည်အချင်း ကိုက်ညီရန်လို**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၅ တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ အရည်အချင်းပျက်ယွင်းသူမဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မ ၁၅၂၊ ပုဒ်မ ၁၆၉ တို့နှင့် ယင်းပုဒ်မများက ဆင်းသက်သည့် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ ပါအရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၁ နှင့် ယင်းပုဒ်မက ဆင်းသက်သည့် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းသူမဖြစ်ရန်လည်း လိုအပ်သည်။ ထို့ပြင် လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသည့် အရည်အချင်းပျက်ယွင်းသူမဖြစ်ရန်လည်း အရေးကြီးသည်။ မတရားအသင်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ သောင်းကျန်းသူအဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များနှင့် အဆက်အသွယ်ရှိနေသူများ မပါစေရန်သတိပြုစိစစ်ရမည်။

**သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် အမည်ပါဝင်ရန်လို**

လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ဆဋ္ဌမအကြိမ်ပြင်ဆင်သည့် ဥပဒေတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူ ပြဋ္ဌာန်းချက် ပုဒ်မ ၈ တွင် အချက်သုံးချက် ထပ်မံဖြည့်စွက်ထားကြောင်း သတိပြုရမည်။

ပုဒ်မ ၈(က) (၃) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မိမိရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်၏ မဲစာရင်းတွင် အမည်ပါဝင်ရန် လိုအပ်သည်။ ရည်ရွယ်ချက်နှင့်အနှစ်သာရမှာ မဲဆန္ဒနယ်တွင် နေထိုင်သူဖြစ်ပြီး ဒေသအကျိုးကို နီးနီးကပ်ကပ်ဆောင်ရွက်ပေးနိုင်ရန်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မိမိမဲဆန္ဒနယ်တွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်များနှင့်အတူတကွ မဲပေးနိုင်မည့် အခွင့်အရေးလည်းဖြစ်သည်။

MMP စနစ်အရ လွှတ်တော်အလိုက် မဲဆန္ဒနယ် အမျိုးအစားနှစ်မျိုးရှိသည်။ ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရမည့် FPTP မဲဆန္ဒနယ်များနှင့် တစ်ဦးထက်ပိုသော ကိုယ်စားလှယ်များကိုရွေးကောက်တင်မြှောက်ရမည့် PR မဲဆန္ဒနယ်များဖြစ်သည်။ မဲဆန္ဒနယ်များ၏ ပုံသဏ္ဌာန်သုံးမျိုးရှိသည်။ မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်သတ်မှတ်သည့်ပုံစံ၊ တစ်ဆက်တစ်စပ်တည်းရှိသော မြို့နယ်များကို စုစည်း၍ မဲဆန္ဒနယ်တစ်နယ်သတ်မှတ်သည့်ပုံစံ၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုလုံးကို မဲဆန္ဒနယ်တစ်နယ် သတ်မှတ်သည့်ပုံစံတို့ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ယခင်ကတည်းက အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ဖြင့် မဲဆန္ဒနယ်အတွင်းရှိ မြို့နယ်တစ်ခုခုတွင် နေထိုင်သူဖြစ်ပါက မူလကတည်းက မဲစာရင်းတွင်ပါဝင်ပြီးဖြစ်မည်။ မဲဆန္ဒနယ်ပြင်ပ အခြားမြို့နယ်မှ ပုဂ္ဂိုလ်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း မတင်သွင်းမီလုပ်ထုံးလုပ်နည်းနှင့်အညီ ပုံစံ (၆၆/၆) ပြောင်းရွှေ့ပြီး မဲစာရင်းတွင်ပါဝင်အောင် အချိန်မီဆောင်ရွက်သွားရန် လိုအပ်သည်။ မဲစာရင်းတွင်ပါဝင်ကြောင်း သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံချက်ကို အမည်စာရင်းတင်သွင်းလွှာပုံစံ(၆) တွင်ရယူထားရန်လည်းလိုအပ်သည်။

**အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူ ဖြစ်ရမည်**

ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ (ဂ) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် အနိမ့်ဆုံးပညာအရည်အချင်း အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူဖြစ်ရမည်။ ရှင်းလင်းချက် - အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူဆိုသည်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခြင်းမရှိသော်လည်း အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်အားလုံးကို သင်ယူပြီးမြောက်ခဲ့သူကိုဆိုသည်။ ဤပြဋ္ဌာန်းချက်နှင့်တိုက်ဆိုင်နေသူဖြစ်ပါက သက်ဆိုင်ရာကျောင်း/ဌာန၏ ထောက်ခံချက် သို့မဟုတ် အခြေခံပညာအထက်တန်းဆင့် သင်ယူပြီးမြောက်ကြောင်း လက်မှတ်တင်ပြရန် လိုအပ်သည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ တက္ကသိုလ်အတန်းတစ်ခုခုတွင် တက်ရောက်နေသူများ၊ တက်ရောက်ဖူးသူများ၊ အစိုးရအသိအမှတ်ပြု တက္ကသိုလ်/ကောလိပ်မှ ဘွဲ့ရသူများအတွက် မိမိ၏ပညာအရည်အချင်းလက်မှတ်တစ်ခုခုတင်ပြရန် လိုအပ်သည်။

**နိုင်ငံတော်နှင့် ပုဂ္ဂလိကသို့ မသင့်လျော်သည့်ပေးရန်တာဝန်များ ကင်းရှင်းသူ**

ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ (ဃ)အရ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် နိုင်ငံတော်နှင့် ပုဂ္ဂလိကသို့ မသင့်လျော်သည့်ပေးရန်တာဝန်များ ကင်းရှင်းသူဖြစ်ရန်လိုသည်။ အထူးသတိပြုရန် လိုအပ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်တိုင်က နိုင်ငံတော်နှင့် ပုဂ္ဂလိကသို့ မသင့်လျော်သည့်ပေးရန်တာဝန်များ

**❖ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရာတွင် ကော်မရှင်က သတ်မှတ်ကြေညာလိုက်သည့် မဲဆန္ဒနယ်အားလုံးအတွက် တင်သွင်းနိုင်မည်ဖြစ်သည်။ ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲ၍ဆောင်ရွက်ခြင်းမှာ ဆန္ဒမဲပေးရမည့်ရက်ကိုသာ ခွဲခြားသတ်မှတ်ခြင်းဖြစ်ပြီး အပိုင်း(၁) ရွေးကောက်ပွဲရက်မတိုင်မီ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စုံလင်အောင် ဆောင်ရွက်ထားရခြင်းဖြစ်သည်။**

ကင်းရှင်းသူဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံချက် ပူးတွဲတင်ပြရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စိစစ်ချိန်တွင် ဤပုဒ်မနှင့်ငြိစွန်းကြောင်း ကန့်ကွက်ခံရပြီး မှန်ကန်ပါက လွှတ်တော်ကိုယ်စားလှယ်လောင်းအရည်အချင်း ပျက်ယွင်းသွားမည်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးမှ ဤပုဒ်မနှင့်ငြိစွန်းကြောင်း တိုင်ကြားခံရလျှင်လည်း ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် စစ်ဆေးချိန်တွင် မှန်ကန်ကြောင်း ပေါ်ပေါက်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ရှိမည်မဟုတ်ကြောင်း သတိချပ်စေလိုသည်။

**အမည်စာရင်းတင်သွင်းရမည့်သတ်မှတ်နေ့ရက်**

မဲဆန္ဒနယ်အသီးသီးအတွက်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင်တင်သွင်းနိုင်သည့် ရက်မှာ ၈-၉-၂၀၂၅ ရက်ဖြစ်ပြီး နောက်ဆုံးတင်သွင်းရမည့်ရက်မှာ ၁၇-၉-၂၀၂၅ ရက်အထိ ၁၀ ရက်ဖြစ်သည်။ အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့်နောက်ဆုံးနေ့ရက်မှာ ၁၂-၉-၂၀၂၅ ရက်ဖြစ်သည်။ PR မဲဆန္ဒနယ်များအတွက် အမည်စာရင်း ရုပ်သိမ်းပါက ပြန်လည်အစားထိုးတင်သွင်းရမည့် ရက်မှာ ၁၃-၉-၂၀၂၅ ရက်မှ ၁၇-၉-၂၀၂၅ ရက်အထိ ဖြစ်သည်။

ကော်မရှင်က သတ်မှတ်ကြေညာလိုက်သည့်ရက်အတွင်း ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းဆောင်ရွက်ရမည်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းအတွက်သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်ခွဲများနှင့် တရားရုံးများကို ရုံးပိတ်ရက်တွင်ပါဖွင့်လှစ်ပေးရန် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**အမည်စာရင်းတင်သွင်းရမည့်ကော်မရှင်အဖွဲ့ခွဲများ**

ပြည်သူ့လွှတ်တော် FPTP မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းသည် မဲဆန္ဒနယ်နှင့်သက်ဆိုင်သည့် ပြည်ထောင်စုနယ်မြေကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်းတင်သွင်းရမည်။

အမျိုးသားလွှတ်တော် FPTP နှင့် PR မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်းတင်သွင်းရမည်။ အထူးသတိပြုရန်မှာ FPTP မဲဆန္ဒနယ်တွင် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီများသည် ယင်း FPTP မဲဆန္ဒနယ်အကျုံးဝင်သည့် PR မဲဆန္ဒနယ်အတွက်လည်း ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း တစ်ဆက်တည်း အမည်စာရင်း တင်သွင်းရမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတစ်ခုစီအတွက် FPTP မဲဆန္ဒနယ်တစ်နယ်စီ သီးခြားပါဝင်ပြီး ယင်း FPTP မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသရရှိထားသည့် တိုင်းရင်းသားလူမျိုးများဖြစ်သင့်သည်။

တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် FPTP နှင့် PR မဲဆန္ဒနယ်များအတွက် ကော်မရှင်ကသတ်မှတ်ပေးသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်းတင်သွင်းရမည်။ အမျိုးသားလွှတ်တော်နည်းတူ FPTP မဲဆန္ဒနယ်နှင့် PR မဲဆန္ဒနယ်များအတွက် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အမည်စာရင်းတင်သွင်းရသည်။ တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင် အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရမည်။

ယခုအခါ ပြည်ထဲရေးဝန်ကြီးဌာန၏ ခရိုင်များ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းအရ မူလခရိုင်များအပြင် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသည့် ခရိုင်အသစ်များလည်း ပေါ်ပေါက်လာသည်။ ခရိုင်များတိုးချဲ့ ဖွဲ့စည်းလိုက်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရမည့် ခရိုင်ကော်မရှင် အဖွဲ့ခွဲများ သတ်မှတ်ချက်အား ကော်မရှင်က ၂၆-၈-၂၀၂၅ ရက်တွင် နိုင်ငံရေးပါတီများသို့ အသိပေးအကြောင်းကြားစာပေးပို့ခဲ့သည်။ ကော်မရှင်က သတ်မှတ်သည့်ခရိုင်များတွင် ကိုယ်စားလှယ်လောင်းအမည်စာရင်းများ တင်သွင်းရမည်ဖြစ်သည်။ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် ကော်မရှင်က သတ်မှတ်ကြေညာလိုက်သည့် မဲဆန္ဒနယ်အားလုံး အတွက် တင်သွင်းနိုင်မည်ဖြစ်သည်။ ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲ၍ဆောင်ရွက်ခြင်းမှာ ဆန္ဒမဲပေးရမည့် ရက်ကိုသာ ခွဲခြားသတ်မှတ်ခြင်းဖြစ်ပြီး အပိုင်း(၁) ရွေးကောက်ပွဲရက်မတိုင်မီ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စုံလင်အောင်ဆောင်ရွက်ထားရခြင်းဖြစ်သည်။

စာမျက်နှာ ၂၆ သို့ ⊃

⊃ စာမျက်နှာ ၂၅ မှအဆက်

**ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း**

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် အမည်စာရင်းတင်သွင်းလွှာပုံစံ (၆) မူရင်းနှစ်စောင်နှင့် အတူ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူတစ်စောင်၊ ကော်မရှင်က သတ်မှတ်သည့် ကိုယ်ရေးမှတ်တမ်း မူရင်းနှစ်စောင်၊ ရွေးကောက်ပွဲဝင်ခွင့်အတွက် ပေးသွင်းငွေငါးသိန်းပေးသွင်းပြီးကြောင်း ချလန်ဖြတ်ပိုင်းမူရင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး ခန့်အပ်ခြင်းအတွက် ကိုယ်တိုင်ဆောင်ရွက်ပါက ခန့်စာပုံစံ (၇) နှစ်စောင် သို့မဟုတ် အခြားသူတစ်ဦးဦးအား ခန့်အပ်ပါက ပုံစံ (၇-က) နှစ်စောင်၊ ပညာအရည်အချင်းအတွက် ထောက်ခံချက်/လက်မှတ်၊ အခွန်ကင်းရှင်းကြောင်း သက်ဆိုင်ရာအခွန်ဦးစီးမှူးရုံး ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်ကြောင်း ပါတီဌာနချုပ်၏ထောက်ခံချက်၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းဖြစ်ပါက မိမိအသုံးပြုမည့် သင်္ကေတအမှတ်အသား Hard Copy နှင့် Soft Copy တို့ကို ပူးတွဲတင်ပြရမည်။

လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀ (က) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် အခြားသူတစ်ဦးဦးကို ခန့်အပ်မည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်လောင်း အရည်အချင်းများနှင့် ပြည့်စုံသူကိုသာ ခန့်အပ်ရန် သတိပြုရမည်။ အမည်စာရင်း တင်သွင်းလွှာစိစစ်ချိန်တွင် ရွေးကောက်ပွဲကိုယ်စားလှယ်ကန့်ကွက်ခံရပါက ဖြေရှင်းနိုင်ရန်နှင့်အငြင်းမပွားရစေရန် ရွေးကောက်ပွဲကိုယ်စားလှယ်အတွက်လည်း အထောက်အထား၊ စာရွက်စာတမ်းများ ရယူထားရန်လိုသည်။

အမည်စာရင်းတင်သွင်းလွှာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မြို့နယ်တရားသူကြီးအဆင့်ထက်မနိမ့်သော တရားသူကြီးတစ်ဦးဦးရှေ့မှောက်၌ လက်မှတ်ရေးထိုးကြောင်း တရားသူကြီးက ထပ်ဆင့်လက်မှတ်ရေးထိုး၍ ရုံးတံဆိပ်ရိုက်နှိပ်ပေးရမည်။ အမည်စာရင်းတင်သွင်းလွှာနှင့် ကိုယ်ရေးမှတ်တမ်းတွင် လိမ်လည်ဖြည့်သွင်းထားကြောင်း သို့မဟုတ် ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများကို အတုပြုလုပ်၍ တင်သွင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ပုဒ်မ ၈၈-က အရ တရားစွဲဆိုခံရနိုင်သည်။

**MMP စနစ်အရ PR မဲဆန္ဒနယ်အတွက် အမည်စာရင်းတင်သွင်းခြင်း**

လွှတ်တော်သုံးရပ် FPTP မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာတွင် ကိုယ်စားလှယ်လောင်းကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ ကိုယ်စားဆောင်ရွက်သူတစ်ဦးဦးကဖြစ်စေ သတ်မှတ်ထားသည့် ကော်မရှင်အဖွဲ့ခွဲတွင် တင်သွင်းရမည်။

အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် PR မဲဆန္ဒနယ်အတွက် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းကို ပါတီကဖြစ်စေ၊ ပါတီကိုယ်စားဆောင်ရွက်သူတစ်ဦးဦးကဖြစ်စေ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတွင် တင်သွင်းရမည်။ ဤနေရာတွင် MMP စနစ်အရ FPTP နှင့် PR စနစ်ကို ချိတ်ဆက်ထားခြင်းဖြစ်သဖြင့် FPTP မဲဆန္ဒနယ် (အမျိုးသားလွှတ်တော်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသ FPTP မဲဆန္ဒနယ်ခြောက်နယ်မပါ)တွင် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပါတီများက ယင်း FPTP မဲဆန္ဒနယ်အကျုံးဝင်သည့် PR မဲဆန္ဒနယ်အတွက်လည်း ရွေးကောက်ရမည့်ကိုယ်စားလှယ်အရေအတွက်အတိုင်း တစ်ဆက်တည်း အမည်စာရင်းတင်သွင်းရန်ဖြစ်သည်။ ကိုယ်စားလှယ်လောင်း အရေအတွက်လျှော့ပေါ့တင်သွင်း၍မရပါ။ MMP စနစ်အတွက် အဓိကအချက်ဖြစ်သည်။ PR မဲဆန္ဒနယ်အတွက်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းနှင့်အတူ ပါတီဌာနချုပ်က PR မဲဆန္ဒနယ်တစ်နယ်စီအတွက်ကိုယ်စားလှယ်လောင်း ဦးစားပေးအစဉ်လိုက် အမည်စာရင်းကို ကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ Closed List PR စနစ်အရတင်ပြရမည်။

FPTP မဲဆန္ဒနယ်တွင် ကိုယ်စားလှယ်လောင်းက ရရှိသည့် ဆန္ဒမဲကို PR မဲဆန္ဒနယ်အတွက် ပါတီက ရရှိသည့်ဆန္ဒမဲအဖြစ် စုစည်းတွက်ချက်သွားမည်ဖြစ်သည်။ PR မဲဆန္ဒနယ်အတွက် ပါတီအသီးသီးက စုစည်းရရှိသည့် ဆန္ဒမဲများအပေါ်မူတည်ပြီး ပါတီအများသိပြီးဖြစ်သော ရိုးရှင်းလွယ်ကူသည့် Closed List PR စနစ်၊ အနည်းဆုံးရရှိရမည့် အခြေခံမဲ Hare Quota တွက်နည်း၊ ကြွင်းကျန်မဲ အများဆုံး နည်းလမ်း (The Largest Remainder Method) တို့ဖြင့် ပါတီအချိုးကျ PR ကိုယ်စားလှယ်များကို ဥပဒေအတိုင်း တွက်ချက်သွားမည်ဖြစ်သည်။

ထိုသို့တွက်ချက်ရာတွင် PR မဲဆန္ဒနယ်များသည် ပါတီအချိုးကျကိုယ်စားလှယ်များအတွက် သတ်မှတ်ခြင်းဖြစ်သဖြင့် FPTP မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလများ ရရှိသောခိုင်လုံမဲများကို PR မဲဆန္ဒနယ်တွင် ထည့်သွင်းတွက်ချက်ခြင်းမပြုကြောင်း သိရှိထားရန်လိုသည်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့် လွှတ်တော်သုံးရပ်စလုံးအတွက် FPTP မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့်အခွင့်အရေးရှိမည်ဖြစ်သည်။

> ❖ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံရမည့်အပြင် အရည်အချင်းပျက်ယွင်းသူမဖြစ်ရန်လိုသည်။

**ကိုယ်စားလှယ်လောင်း ဦးစားပေး အစဉ်လိုက် အမည်စာရင်းဆိုသည်မှာ**

PR မဲဆန္ဒနယ် တစ်နယ်ချင်းစီအတွက် ပါတီဌာနချုပ်က ကိုယ်စားလှယ်လောင်းဦးစားပေး အစဉ်လိုက်အမည်စာရင်းကို ကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ နည်းဥပဒေ ၁၈ အရ ပုံစံ(၆-၁) မူရင်းဖြင့် တင်ပြရမည်။ Closed List PR စနစ်အရဖြစ်သည်။ ထိုအမည်စာရင်းသည် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာမည့် လွှတ်တော်သက်တမ်းအတွင်း အသက်ဝင်နေမည်ဖြစ်သည်။ PR မဲဆန္ဒနယ်တွင် ပါတီတစ်ခုမှ ရွေးကောက်တင်မြှောက်ခံထားရသည့် ကိုယ်စားလှယ်သည် အကြောင်းတစ်စုံတစ်ရာကြောင့် လစ်လပ်ပါက ထိုအမည်စာရင်းပါဦးစားပေးအစီအစဉ်အတိုင်း အစဉ်လိုက်အစားထိုးဖြည့်စွက်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် သတ်မှတ်ကြေညာပေးရမည့် လုပ်ထုံးလုပ်နည်းအရဖြစ်သည်။ အထူးသတိပြုရန်မှာ ထိုအမည်စာရင်းတွင် ကျန်ရှိနေသော လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအရည်အချင်းမပျက်ယွင်းရန် လိုအပ်သည်။

**အမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းခြင်း**

လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းလိုပါက FPTP မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းက ပုံစံ(၉)ဖြင့်လည်းကောင်း၊ PR မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာပါတီက ပုံစံ(၉-က)ဖြင့်လည်းကောင်း အမည်စာရင်းတင်သွင်းခဲ့သည့် ကော်မရှင်အဖွဲ့ခွဲသို့ ၁၂-၉-၂၀၂၅ ရက်အတွင်း တင်ပြရမည်။ ထိုနေ့ကျော်လွန်ပါက ရုပ်သိမ်းခွင့်မရှိတော့ပါ။ PR မဲဆန္ဒနယ်အတွက် အမည်စာရင်းတင်သွင်းလွှာ ရုပ်သိမ်းခြင်းဖြစ်ပါက သက်ဆိုင်ရာပါတီက အစားထိုး ပြန်လည်တင်သွင်းခြင်းကို ၁၃-၉-၂၀၂၅ ရက်မှ ၁၈-၉-၂၀၂၅ ရက်အတွင်း ဆောင်ရွက်ရမည်။

**အမည်စာရင်းတင်သွင်းလွှာစိစစ်ခြင်း**

သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက အမည်စာရင်းတင်သွင်းလွှာများ စိစစ်ခြင်းကို ၁၈-၉-၂၀၂၅ ရက်မှ ၄-၁၀-၂၀၂၅ ရက်အတွင်း ဆောင်ရွက်မည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများက မိမိ၏ အမည်စာရင်းတင်သွင်းလွှာ စိစစ်မည့်နေ့ရက်ကို အမည်စာရင်းတင်သွင်းခဲ့သည့်ကော်မရှင် အဖွဲ့ခွဲတွင် စုံစမ်းထားရန် လိုအပ်သည်။ ကော်မရှင်အဖွဲ့ခွဲကလည်း အသိပေးကြေညာထားမည်ဖြစ်သည်။ စိစစ်ရန်သတ်မှတ်ထားသည့်နေ့ရက်၊ အချိန်နှင့်နေရာသို့ အောက်ပါပုဂ္ဂိုလ်များ လာရောက်ခွင့်ရှိပါသည် -

(က) သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများ၊
(ခ) သက်ဆိုင်ရာရွေးကောက်ပွဲကိုယ်စားလှယ်များ၊
(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးက ဤကိစ္စအလို့ငှာ စာဖြင့်တာဝန်လွှဲအပ်ထားသူ၊
(ဃ) ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင် အဖွဲ့ခွဲကို ကူညီရန်အတွက် ယင်းအဖွဲ့ခွဲက တာဝန်ပေးအပ်ခြင်းခံရသူများ၊
(င) သက်ဆိုင်ရာဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ။

အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ချိန်တွင် ကော်မရှင်အဖွဲ့ခွဲက စိစစ်တွေ့ရှိ၍ဖြစ်စေ၊ ယှဉ်ပြိုင်အရွေးခံသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကဖြစ်စေ၊ လုံလောက်သောအထောက်အထားတင်ပြ၍ ကန့်ကွက်ပါက ကန့်ကွက်ချက်ကို စုံစမ်းစစ်ဆေးရသည်။ မှန်ကန်ကြောင်း ခိုင်လုံသော အထောက်အထားစစ်ဆေးတွေ့ရှိရပါက အမည်စာရင်းတင်သွင်းလွှာအပယ်ခံရနိုင်သည်။

ကော်မရှင်အဖွဲ့ခွဲသည် သတ်မှတ်ထားသော နေ့တွင် အမည်စာရင်းတင်သွင်းလွှာစိစစ်ခြင်းကို ပြီးပြတ်အောင် ဆောင်ရွက်ရသည်။ ကန့်ကွက်ချက်ရှိလျှင် ထိုကန့်ကွက်ချက်အပေါ် စုံစမ်းစစ်ဆေးခြင်းနှင့် အမိန့်ချမှတ်ခြင်းကို ခုနစ်ရက်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရသည်။

**အယူခံဝင်ခြင်း**

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ခွဲ၏ အမိန့်ကို မကျေနပ်လျှင် အမိန့်ချမှတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အယူခံနိုင်သည်။ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များအတွက်ဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံတင်သွင်းရမည်။ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်နှင့် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်အတွက်ဖြစ်ပါက ကော်မရှင်သို့ အယူခံတင်သွင်းရမည်။ အယူခံလွှာများကို လိုအပ်သလိုစိစစ်ပြီး အယူခံလွှာရရှိသည့်ရက်မှ ခုနစ်ရက်အတွင်း သင့်လျော်သောအမိန့်ကို ချမှတ်ရမည်ဖြစ်သည်။

**ကိုယ်စားလှယ်လောင်းအမည်စာရင်းကြေညာခြင်း**

လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ စိစစ်ပြီးပါက ကော်မရှင်က သတ်မှတ်သည့်နေ့ရက်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ကြေညာချက်ကို FPTP မဲဆန္ဒနယ်များအတွက် ပုံစံ(၁၀)တွင် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို အက္ခရာစဉ်အလိုက် ပြုစု၍လည်းကောင်း၊ PR မဲဆန္ဒနယ်များအတွက် ပုံစံ (၁၀-က)တွင် ပါတီအမည်နှင့် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်းအမည်တို့ကို အက္ခရာစဉ်အလိုက်ပြုစု၍လည်းကောင်း ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်က ကြေညာပေးသွားမည်ဖြစ်သည်။ FPTP ကိုယ်စားလှယ်လောင်းကိုသာ မဲပေးရသည့်စနစ်ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းကြေညာချက် ပုံစံ (၁၀)တွင်ပါရှိသည့် အစီအစဉ်အတိုင်း ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် အီလက်ထရောနစ်မဲပေးစက်၏ ဆန္ဒပြုစက် (Ballot Unit) တွင် ဖော်ပြပေးသွားမည်ဖြစ်သည်။ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်ဆန္ဒမဲပေးခြင်းဖြစ်စေ၊ မဲရုံတွင် အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းဖြစ်စေ မဲဆန္ဒရှင်က နှစ်သက်ရာကိုယ်စားလှယ်လောင်းကိုတစ်ကြိမ်သာ ဆန္ဒပြုမဲပေးရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံရမည့်အပြင် အရည်အချင်းပျက်ယွင်းသူမဖြစ်ရန် လိုသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်များရှိသလို ဥပဒေကပေးအပ်ထားသည့် အခွင့်အရေးများလည်း ရှိသည်။ နိုင်ငံရေးပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲအတွက် အမည်စာရင်းတင်သွင်းခြင်း လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို သိရှိနားလည်ထားရန်လည်း လိုအပ်သည်။ ရွေးကောက်ပွဲကြီး အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ရပ်အဖြစ် အထောက်အကူပြုနိုင်ရန် လေ့လာမိသမျှ ရေးသားတင်ပြလိုက်ရပါသည်။ ။

# အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ရမည်းသင်းအကျဉ်းထောင်၊ မြို့မရဲစခန်း အချုပ်ခန်းနှင့် နေပြည်တော် တပ်ကုန်းမြို့ ရှိကင်းသာ(၁) ကုန်ထုတ်စခန်းနှင့် ကင်းသာ (၂)ကုန်ထုတ်စခန်းတို့ကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့ သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ စက်တင်ဘာလ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် သွားရောက် ကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာလ ၁၇ ရက်တွင်ရမည်းသင်း အကျဉ်းထောင်အား ကော်မရှင်အဖွဲ့ဝင် ဦးဆောင်သောအဖွဲ့က ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံပြီး အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူတစ်ဦး၏ အနိမ့်ဆုံး ရရှိရမည့် အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိ တို့ကို မေးမြန်းကြသည်။

ထို့အတူ အကျဉ်းသား/အကျဉ်းသူ များအား အကျဉ်းထောင်ဝန်ထမ်းများက လည်းကောင်း၊ အကျဉ်းသားအချင်းချင်းက လည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာ လာရောက်တွေ့ဆုံသည့် အကျဉ်းသားမိသားစုဝင်တို့ကို ထောင်ဝင်စာ အခက်အခဲ ရှိ၊ မရှိ၊ အကျဉ်းသားအတွက် ပစ္စည်းပေးပို့ရာတွင် အဆင်ပြေမှု ရှိ၊ မရှိ စသည်တို့ကိုမေးမြန်းပြီး သီးခြား လွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူ သုံးဦးကို မေးမြန်းမှတ်တမ်း တင်ခဲ့ပြီး ယခင်အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို လိုက်လံစစ်ဆေး ခဲ့ကြသည်။

အလားတူ စက်တင်ဘာလ ၁၈ ရက်တွင် အကျဉ်းဦးစီးဌာန၊ ကင်းသာ(၁) ကုန်ထုတ် စခန်းနှင့် ကင်းသာ(၂) ကုန်ထုတ်စခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်အလိုက် စုစည်းတွေ့ဆုံပြီး အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက် မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်း သော သောက်ရေနှင့်သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုလာရောက် တွေ့ဆုံနိုင်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်း ကာ သီးခြားတွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား ခုနစ်ဦးတို့ကို မေးမြန်း မှတ်တမ်းတင်ကြသည်။


ထို့နောက် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင် များ၊ အကျဉ်းထောင်ဆေးရုံခန်း၊ စာကြည့် တိုက်၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ စားဖိုကြီး၊ ထမင်းစားဆောင်၊ ရိက္ခာ ဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေ/ချိုးရေကန် များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိနှင့် ထောင်ဝင်စာတွေ့ဆုံ သည့်နေရာတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည့်အပြင် ယခင်အကြံ ပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြ သည်။

ထိုကဲ့သို့ ရမည်းသင်းအကျဉ်းထောင်၊ ကင်းသာ(၁) ကုန်ထုတ်စခန်းနှင့် ကင်းသာ (၂) ကုန်ထုတ်စခန်းတို့ကို ကြည့်ရှုစစ်ဆေး စဉ် အကျဉ်းသား၊ အကျဉ်းသူများ လေ့လာ ဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်မှလှူဒါန်း ခဲ့သည်။

ထို့အတူ ရမည်းသင်းမြို့မရဲစခန်း အချုပ်ခန်းအား ဝင်ရောက်ကြည့်ရှုစစ်ဆေး စဉ် အချုပ်သား/အချုပ်သူများနှင့် တွေ့ဆုံ မေးမြန်းပြီး အချုပ်ခန်းများကို ကြည့်ရှု စစ်ဆေးကြသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ကြည့်ရှုစစ်ဆေးရေး အဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိ ချက်နှင့် အကြံပြုချက်များကို သင့်လျော် သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေ နှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ် ကြောင်း သိရသည်။

မြဝတီ







**ပျောက်ဆုံးကြောင်း**
မေသဇင်(ဘ)ဦးကျော်ကိုကို ၉/တသန(နိုင်)၁၉၈၃၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG 421117)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**မွေးသက္ကရာဇ်အမှန်**
နေပြည်တော်၊ ဥတ္တရသီရိဘုရားတောင် ကျေးရွာနေ အဘ ဦးကျော်လှ၏သား ဦးဝင်းမောင် ၉/တကန(နိုင်)၀၇၇၉၉၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၁၂-၁၉၆၆ ဖြစ်ပါ ကြောင်း။ ၇-၁၂-၁၉၆၆

**ပျောက်ဆုံးကြောင်း**
ဦးအိုက်ဆမ်(ဘ)ဦးအိုက်ဆိုင်း ၁၃/မလန(နိုင်)၀၁၆၂၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၃၉၃၀၄၁၇

**ပျောက်ဆုံးကြောင်း**
ချစ်လင်းငွေ(ဘ)ဦးကျော်ဝင်း ၁၁/ရသတ(နိုင်)၁၁၅၇၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၂၉၇၀၃၇၄

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုလျက်ရှိသော CBM/G-15: Hardware Requirement for HR Application System အတွက်အသုံးပြုသည့် Dell EMC VxRail P 570 server Node(၄)လုံး၏ Product Maintenance Service Contract (Hardware Warranty License)(၁)နှစ်သက်တမ်းတိုးခြင်း၊ ယင်းနှင့်ဆက်စပ်နေသည့် VMware နှင့် OS များအား Version Upgrade ပြုလုပ်ခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါနှင့် CBM/G-20(Lot1): (Hardware Requirement for MIS Reporting System အတွက် အသုံးပြုသည့် VMware Version Upgrade ပြုလုပ်ခြင်းအတွက် အိတ်ဖွင့်တင်ဒါတို့အား တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို (၁၉-၉-၂၀၂၅)ရက်နေ့မှ (၂၆-၉-၂၀၂၅)ရက်နေ့အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section သို့ လူကိုယ်တိုင်လာရောက် ဝယ်ယူရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂-၁၀-၂၀၂၅)ရက်နေ့ မွန်းလွဲ(၂:၀၀)နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုး ရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section တွင် တင်သွင်းရန်ဖြစ်ပါသည်။ **(သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)**

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁% အား တင်ဒါအာမခံကြေး အဖြစ် (၃)လသက်တမ်းရှိ Bank Guarantee Letter မူရင်းအား သတ်မှတ်တင်ဒါ စာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်တင်သွင်းရပါမည်။ **(တင်ဒါအာမခံအား ငွေသား (သို့မဟုတ်)PO Cheque ဖြင့် တင်သွင်းခြင်းအား လုံးဝ(လုံးဝ)လက်မခံပါ။)**

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်း အချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section ၏ တယ်လီဖုန်းနံပါတ် ၀၁-၉၅၅၅၅၃၀နှင့် Email လိပ်စာ inframaint@cbm.gov.mm သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

**ပျောက်ဆုံးကြောင်း**
အိအိခိုင်(ဘ)ဦးသက်လွင် ၁၂/ဥကတ(နိုင်)၁၆၀၈၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၅၅၄၂၃

**ပျောက်ဆုံးကြောင်း**
ဝေဝေဖြိုး(ဘ)ဦးလှသောင်း ၁၂/ဒဂတ(နိုင်)၀၁၅၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၈၆၀၄၁

**ပျောက်ဆုံးကြောင်း**
ရှင်ယူ(ဘ)ဦးချိန်စောင်ရှင် ၁၃/ကလတ(နိုင်)၀၃၀၀၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၃၁၀၉၇၃၆

**ပျောက်ဆုံးကြောင်း**
ထွန်းနိုင်လင်း(ဘ)ဦးအေးသောင်း ၉/ညဥန(နိုင်)၂၁၉၂၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၆၈၂၉၄၀

**ပျောက်ဆုံးကြောင်း**
မင်းဇော်ဦး(ဘ)ဦးကြည်ဦး ၇/ဒဥန(နိုင်)၁၈၉၁၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၄၅၇၉၇၃

**ပျောက်ဆုံးကြောင်း**
မျိုးစုစုလှိုင်(ဘ)ဦးမျိုးအောင် ၁၁/မပတ(နိုင်)၀၉၁၉၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၈၀၂၉၅၇

**ပျောက်ဆုံးကြောင်း**
အိကေခိုင်(ဘ)ဦးသန်းဝင်း ၁၄/ဟသတ(နိုင်)၃၂၆၅၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၁၅၈၀၅၄၅

**ပျောက်ဆုံးကြောင်း**
အောင်ရဲသူ(ဘ)ဦးတင်လှိုင် ၁၄/အဂပ(နိုင်)၁၉၇၈၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 515876)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
စိုးနိုင်(ဘ)ဦးမောင်သိန်းထွန်း ၁၁/မဥန(နိုင်)၁၈၁၄၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 316953)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ အမရပူရနေ ဦးမျိုးမြင့် အောင်(ဘ)ဦးကျော်ဝင်း ၉/အမရ(နိုင်)၀၅၁၄၂၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MF 310236) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
အားရှိန်ဖူး(ဘ)ဦးလောက်အေး ၁၃/လရန(နိုင်)၂၂၁၂၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ယွန်းနဒီဆွေ(ဘ)ဦးညွန့်ဆွေ ၈/တတက(နိုင်)၂၈၉၂၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE



OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar



နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ရွှေဖီဦး BLACK TEA (မှောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။
ရွှေဖီဦး
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
THE BEST QUALITY TYRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## အထူးမိုးလေဝသ သတင်း

# လေပွေလှိုင်းများ၏အရှိန်ကြောင့် စက်တင်ဘာလ ၂၁ ရက်မှ ၂၆ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်




နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ် လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသောလေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း စက်တင်ဘာလ ၂၁ရက်မှ ၂၆ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးလေကြောင်းပုံသန်းရေးနှင့်ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့


မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ် လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့ - မွဲ့ထော်သလေး(KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်ဒုတိယညွှန်ကြားရေးမှူးဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ စက်တင်ဘာလ ၁၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၀၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မိုးညှင်းမြို့နှင့် ကွန်ဟိန်းမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၈

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၁၆ ရက် နံနက် ၁၁ နာရီတွင် မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာအနီးတွင် မိုးကုတ်မြို့မှ လုံးခင်းကျေးရွာဘက်သို့ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ ဆွတ်အောင်ရွာနေ ညီညီစိုး(၄၀)နှစ် မောင်းနှင်ပြီး ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာနေ အောင်မိုးဝင်း(၄၀)နှစ် လိုက်ပါလာသော MITSUBISHI PAJERO မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉၉၅၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၁၄၉ ဒသမ ၂၅ သိန်း)နှင့် မြန်မာငွေစက္ကူ ၄ သိန်းကျပ်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ၁၆ ရက် ည ၆ နာရီတွင် ကွန်ဟိန်းမြို့နယ်၊ တာကော်ကျေးရွာအနီးတွင် ကာလိမြို့ဘက်မှ မိုင်းပျဉ်းမြို့သို့ ပင်းတယမြို့နယ်၊ သရက်ကုန်းကျေးရွာနေ ကျော်ဝေလွင်(ခ)ကိုကြင် (၂၂)နှစ် မောင်းနှင်လာသော TOYOTA SUCCEED မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ဘိန်းဖြူအလေးချိန် ၂ ဒသမ ၆၄ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၁၂၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၁၆ ဒသမ ၈ သိန်း)ကို ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ မြဝတီ


တရားခံကျော်ဝေလွင်(ခ)ကိုကြင်အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်တွေ့ရစဉ်။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၅)
## (၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက်(၃၀)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၁၅-၉-၂၀၂၅ ရက်မှ ၃၀-၉-၂၀၂၅ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂ ရက်၊ ၃ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နေပြည်တော် ဖုန်း - ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆
၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈

ရန်ကုန် ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉

မန္တလေး ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ
## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရုံးချုပ်)တွင်
## လုံခြုံရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် လုံခြုံရေးကုမ္ပဏီငှားရမ်းခြင်းတင်ဒါ

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆)ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သာမန်အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် နေပြည်တော် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရုံးချုပ်)တွင် လုံခြုံရေးလုပ်ငန်းဆောင်ရွက်ရန် စာချုပ်ချုပ်ဆိုသည့် နေ့ရက်မှ (၁)နှစ်သက်တမ်းကာလဖြင့် လုံခြုံရေးလုပ်ငန်းဆောင်ရွက်မည့်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါတင်သွင်းလွှာပုံစံရောင်းချမည့်ရက် | - | (၁၇-၉-၂၀၂၅)ရက်နေ့မှ(၃၀-၉-၂၀၂၅)ရက်နေ့အထိ |
| တင်ဒါပိတ်သိမ်းမည့်ရက်နေ့အချိန် | - | (၃၀-၉-၂၀၂၅)ရက်နေ့ ညနေ(၁၆:၃၀)နာရီအချိန်အထိ |
| တင်ဒါတင်သွင်းရန်နေရာ | - | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စံပယ်အိမ်ရာရှေ့၊ ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် |

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို ကြော်ငြာသင်ပုန်းတွင်ပါရှိသည့်ရက်မှစ၍ ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၃၈၇၉**

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်တို့အတွင်း အကောင်အထည်ဖော်ခဲ့သည့် စိန်တစ်လုံးသရက်စိုက်ပျိုးရေးဇုန်နှင့်စပ်လျဉ်း၍ ကြော်ငြာချက်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဒက္ခိဏသီရိ၊ ဥတ္တရသီရိ၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်တို့တွင် ဇုန်အမှတ်(၁)အဖြစ်လည်းကောင်း၊ ရမည်းသင်းခရိုင်အတွင်းရှိ ရမည်းသင်းနှင့်ပျော်ဘွယ်မြို့နယ်တို့တွင် ဇုန်အမှတ်(၂)အဖြစ်လည်းကောင်း စိန်တစ်လုံးသရက်စိုက်ပျိုးရေးဇုန်များကိုဖော်ထုတ်၍ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အထိ သက်ဆိုင်ရာလုပ်ပိုင်ခွင့်ရရှိထားသူများအား လုပ်ကွက်များချထားပေးခဲ့ပါသည်။ အဆိုပါ ဇုန်(၂)ခုတွင် ချထားပေးခဲ့သောလုပ်ကွက်များအနက် အကောင်အထည်ဖော်စိုက်ပျိုးဆောင်ရွက်ခြင်း မရှိသည့်လုပ်ကွက်များအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၈ ခုနှစ်)ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)နှင့် (၂)တို့အရ သိမ်းယူပြီးဖြစ်ကြောင်းနှင့် မည်သည့်အသနားခံစာကိုမျှထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း စိန်တစ်လုံးသရက်စိုက်ပျိုးရန်လျှောက်ထားခဲ့သူများအား အသိပေးအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

### (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
### ဒေါ်နွဲ့နွဲ့ရီ
### အသက်(၇၇)နှစ်

မေမေ-မိသားစုနဲ့ ခွဲခွာသွားသည်မှာ (၂)နှစ်ပြည့်ခဲ့ပါပြီ။ မေမေ့အတွက်ရည်စူးပြီး လှူဒါန်းသမျှကုသိုလ်ကောင်းမှုများကို မေမေသာဓုခေါ်ဆိုနိုင်ပါစေ။

ဖေဖေ - ဦးတင်ဝင်း
သမီး - ဒေါ်ခင်သက်ဝင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်
နဝဒေးရပ်ကွက်

### တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ ခရိုင်ပညာရေးမှူးရုံးမှ ဦးထွန်းထိုက်၏ဖခင် ဦးမောင်(ခ) ဦးမောင်မောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်(ခ)ဦးမောင်မောင်**

### ပျောက်ဆုံးကြောင်း

ခင်ဝေတင့်(ဘ)ဦးဟံသိန်း ၉/မခန(နိုင်)၀၂၇၇၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 780035)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

စည်သူအောင်(ဘ)ဦးအောင်မြင့် ၁၂/တမန(နိုင်)၁၁၉၉၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### "Kaung Tan Naung Khae Co., Ltd."
### မြန်မာနိုင်ငံလူမှုခွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂
### မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ
### ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ "Kaung Tan Naung Khae Co., Ltd." ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၅-၈-၂၀၂၅)ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း(B.Com, C.P.A)၊ အမှတ်(၁၇၈)၊ မြေညီထပ်၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှရရန်နှင့်ပေးရန်ရှိသည်များကို (၁-၁၀-၂၀၂၅)ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန်ကြေညာလိုက်ပါသည်။

| | |
|---|---|
| **ခွန်အောင်ခမ်း** | **ဦးစိန်ကျော်ဝင်း** |
| **မန်နေးဂျင်းဒါရိုက်တာ** | **(B.Com,C.P.A)** |
| **Kaung Tan Naung Khae Co.,Ltd.** | **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** |
| **၏ဒါရိုက်တာအဖွဲ့ကိုယ်စား** | **ဖုန်း-၀၉-၅၁၂၅၉၈၅** |

**ပျောက်ဆုံးကြောင်း**

ဝေယံထွန်း(ဘ)ဦးအောင်ချစ် ၅/ကဘလ(နိုင်)၂၄၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 213593)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၂၃၀၀၈၄၇

### "City Management Group Co., Ltd."
### မြန်မာနိုင်ငံလူမှုခွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂
### မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ
### ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ "City Management Group Co., Ltd." ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၅-၈-၂၀၂၅)ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း(B.Com, C.P.A)၊ အမှတ်(၁၇၈)၊ မြေညီထပ်၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁-၁၀-၂၀၂၅)ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန်ကြေညာလိုက်ပါသည်။

| | |
|---|---|
| **ခွန်အောင်ခမ်း** | **ဦးစိန်ကျော်ဝင်း** |
| **မန်နေးဂျင်းဒါရိုက်တာ** | **(B.Com,C.P.A)** |
| **City Management Group Co.,Ltd.** | **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** |
| **၏ဒါရိုက်တာအဖွဲ့ကိုယ်စား** | **ဖုန်း-၀၉-၅၁၂၅၉၈၅** |

**ပျောက်ဆုံးကြောင်း**

မင်းပြည့်စုံဦး(ဘ)ဦးခင်စိုး ၃/ကကရ(နိုင်)၂၁၆၈၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 114391)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၇၇၇

❖ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာကိုအသုံးပြု၍ အင်တာနက်စာမျက်နှာများနှင့် စာအုပ်စာပေများမှ မိမိတို့ဘဝတိုးတက်ရေးအတွက် လိုအပ်သည့်အချက်အလက်များနှင့် ဗဟုသုတများကို ရှာဖွေလေ့လာဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်များသည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင်ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြား

## ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆက်သွယ်မှုပိုမိုမြန်ဆန်စေရေးအတွက် ထားဝယ်လေဆိပ်အား အဆင့်မြှင့်တင်တိုးချဲ့နိုင်ရေးဆောင်ရွက်လျက်ရှိ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား ထားဝယ်မြို့၊ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာမျိုးသိန်းကျော်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁** ⇨

